မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၂၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာအဘူရိုရှ်ဒီရိုကိုနဒ်ဒေါ်လာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာအဘူရိုရှ်ဒီရိုကိုနဒ်ဒေါ်လာသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအဘူရိုရှ်ဒီရိုကိုနဒ်ဒေါ်လာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၅ရက်)

ဝင်ငွေကောင်းသော လက်ဖက်သီးနှံ တိုးချဲ့စိုက်ပျိုး

ရော်ဘာ၊ ဆီအုန်း၊ ပိုးစာနှင့် လက်ဖက်တို့သည် ဝင်ငွေကောင်းသည့် နှစ်ရှည်သီးနှံပင်များ ဖြစ်ကြသည်။ ယင်းသီးနှံများအနက် လက်ဖက်သည် မြန်မာ့လူမှုနယ်ပယ်တွင် သုံးစွဲမှုများသော အစားအသောက် တစ်မျိုးဖြစ်သည်။

လက်ဖက်ကို အချိုခြောက်၊ အကြမ်းခြောက်အဖြစ် အသုံးပြုလေ့ရှိသည်။ ထို့အပြင် လက်ဖက်သုပ် စားသုံးသည့်ဓလေ့မှာ မြန်မာမှုနယ်ပယ်တွင် အသုံးတွင်ကျယ်လှသည်။ အသင့်စားသုံးနိုင်သည့် လက်ဖက် ထုပ်ပိုးရောင်းချသည့် လုပ်ငန်းများ ဖြစ်ထွန်းလာခြင်းကြောင့် လက်ဖက်ဈေးကွက် ပိုမိုကျယ်ပြန့်လာသည်။

လက်ဖက်ခြောက်ခတ်ထားသည့် ရေနွေးကြမ်းသောက်သုံးခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူပြုစေနိုင်ကြောင်း သုတေသီများက ဖော်ထုတ်တင်ပြထားသည်။

မြန်မာနိုင်ငံ၌ လက်ဖက်ကို အဓိကအားဖြင့် ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးသည်။ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ် ဖြစ်လာစေရန် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။ လက်ဖက်သည် အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး တောင်ကုန်းတောင်တန်းဒေသများ၌ ဖြစ်ထွန်းအောင်မြင်သည်။

အထွက်နှုန်းကောင်းသော လက်ဖက်မျိုးများသည် တစ်ဧက ရွက်စိမ်းပိဿာ၁၇၀၀ထွက်ရှိပြီး အခြောက်ပိဿာ ၄၅၀ထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၀၅–၂၀၀၆ ရာသီက လက်ဖက်ဧက နှစ်သိန်းကျော် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် စိုက်ဧကများ တိုးချဲ့လုပ်ကိုင်လျက် ရှိသည်။

သို့ဖြစ်ရာ တောင်သူများအနေဖြင့် ဈေးကွက်ဝယ်လိုအားကောင်းသည့် လက်ဖက်ကို အထွက်နှုန်းကောင်း လက်ဖက်မျိုးများ တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဦးမင်းစိုး–ဒေါ်အေးအေးခိုင် မိသားစုက အလှူငွေ ကျပ်ငါးသိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြု ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲ ကွမ်းခြံကုန်း၌ကျင်းပ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်ဆုချီးမြှင့်ပေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ၂၀၀၆–၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်၂၁ရက် မွန်းတည့်၁၂နာရီက ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

အစီအစဉ်အရ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ငါးဦးတို့အား လည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းက တစ်ဘာသာဂုဏ်ထူးရှင် ၃၃ဦး တို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင်များ၏ လှူဒါန်းငွေများကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်၍ ဝန်ကြီးက လှူဒါန်းငွေများကို ကျောင်းအုပ်ဆရာမကြီးများသို့ လွှဲပြောင်းပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းဇော်သစ်နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်တို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၅–၈–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ **နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်း ကြည်ပြာ** ထွန်းထွန်းဝင်း၊ မေဝင်းမောင် (ဒါရိုက်တာ–ကြီးမြင့်)
- ၉း၅၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၂၅ ၅။ ကျန်းမာသုတ
- ၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **တိုးတက်သော** နေတိုး၊ ပပဝင်းခင် (ဒါရိုက်တာ–ဇော်ဆက်)
- ၁၃း၅၀ ၇။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၃၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၉။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၀။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၂၆)
- ၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်းချိန်** (အပိုင်း–၂၀)

အမှတ် ၄၆ (ဂျီ) မေလိခလမ်း မရမ်းကုန်း မြို့နယ် နေ ဒေါက်တာ ဦးဝင်းလွင်–ဒေါက်တာ ဒေါ်ခင်ကြည်ကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးတွင် တည်ဆောက်နေသော ခြောက်ထပ် ဆေးရုံသစ်ကြီး အတွက် အလှူငွေ ကျပ် ခြောက်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးကိုကိုကြီးက လက်ခံယူစဉ်။ (က–ပ)

● **ကျောဖုံးမှ**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင် ကစားမှုများကို ကြည့်ရှုအားပေးကြ သည်။

အနိုင်ရဗိုလ်စွဲ

ယင်းပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာဗိုလ်စွဲသွားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်း အနားကိုဆက်လက်ကျင်းပရာ သတ္တု တွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က တတိယဆုရ အားကစား ဝန်ကြီးဌာန အသင်းအား တစ်ဦးချင်း ဆုများကိုလည်းကောင်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဒုတိယဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်း ပညာ ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက ပထမ ဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာနအသင်းအား တစ်ဦး ချင်း ဆုများကိုလည်းကောင်း ပေးအပ် ချီးမြှင့်ကြသည်။

အကောင်းဆုံးဆု

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကောင်းဆုံး ဂိုးသမားဆုရ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနအသင်းမှကျောနံပါတ်(၁) မင်းနိုင်၊ အကောင်းဆုံး နောက်တန်းဆုရ ဘဏ္ဍာ ရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းမှကျော နံပါတ်(၂၄) စိုးသူရအောင်၊ အကောင်း ဆုံးအလယ်တန်းဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းမှ ကျောနံပါတ် (၆) ဇော်ဝင်း မောင်၊ အကောင်းဆုံး ရှေ့တန်းဆုရ အားကစားဝန်ကြီးဌာနအသင်းမှ ကျော နံပါတ်(၁၆) မြင့်သိန်းနှင့် ပွဲစဉ် တစ်လျှောက် အကောင်းဆုံး ဘောလုံး သမားဆုရ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၁) သုထက်ပိုင်တို့အား ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အသန့်ရှင်းဆုံးဆုရ အားကစားဝန်ကြီး ဌာနအသင်းအား ဆုဖလားနှင့် ငွေသား ဆုတို့ကိုလည်းကောင်း၊ စတုတ္ထဆုရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း အား ငွေသားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆု

ယင်းနောက် မြန်မာနိုင်ငံ အမျိုး သား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၇ ခုနှစ် ပထမအကြိမ်နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ တတိယဆု ရရှိသော အားကစားဝန်ကြီးဌာန အသင်းနှင့် ဒုတိယဆုရရှိသော ဆက် သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဌာနအသင်းတို့အား ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရရှိသော စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအသင်းအား ငွေသားဆု၊ တံခွန်စိုက် ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကိုလည်း ကောင်း ပေးအပ်ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

✻ **ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန် ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ အမျိုးသားညီလာခံကျင်းပ ရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်သန်းထွေးနှင့် ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့် ကြူ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ရုံးနှင့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးတို့မှ တာဝန်ရှိသူများ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အောက်ရှိ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးဝင်းနောင်က ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ရုံးနှင့် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ရုံးတို့မှ တာဝန်ရှိသူများ၊ အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အောက်ရှိ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ် ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ပရိဘောဂဖြည့်တင်းရေး ဆပ်ကော်မတီနှင့် အဆောက်အအုံ၊ ရေ၊မီး၊လေညှိစက်ပြင်ဆင်ထိန်းသိမ်း ရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများကျွေးမွေး ဧည့်ခံရေးလုပ်ငန်းအဖွဲ့(မြန်မာ့ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း)မှ တာဝန်ရှိသူ များက မိမိတို့ရုံးအလိုက် ဆပ်ကော်မတီ အလိုက် လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက် သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် တက်ရောက်လာကြ သူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး အမျိုးသား ညီလာခံ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက် ၉ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အရှုံးနှင့် အမြတ်တရားတော် (ကျောက်ပန်းတောင်းဆရာတော် အရှင်ကုမာရ)
၈း၀၀	ကလောဈေးနေ့
၈း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀	မြန်မာ့ရိုးရာ ရက်ကန်း၏ လက်မှုအနုလက်ရာများ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	Celebrity Style (ခင်လေးနွယ်နှင့် တွေ့ဆုံခြင်း)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	ပြည်တွင်းအခွန်များဦးစီးဌာန အကြောင်း သိကောင်းစရာ (ကုန်သွယ်လုပ်ငန်းခွင်)
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း
၁၀း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ကျော်ကြားထုတ်ကုန် စက်မှုဇုန်
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ကိုးဆယ်ဆသာလိမ့်မယ်)
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	လူတိုင်းအတွက် ရှေးဦးသူနာပြု (အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်းများ)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့် သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၃၀	ပွဲကြို	ESPN (Live)
၆း၁၀	Sunderland-Liverpool	ESPN (Live)
၈း၂၅	Arsenal-Man City	ESPN (Live)
	Chelsea-Portsmouth	Star Sports (Live)
၁၀း၄၀	Everton-Blackburn	Star Sports (Live)
၁၁း၀၀	Astonvilla-Fulham	ESPN (SSD)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စပါးနှင့်ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းကျော်လွန် တစ်ဧကအထွက်နှုန်းတိုးတက်ရေး စွမ်းအားစုများ အပြည့်အဝထည့်သွင်းအသုံးပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့ ၂၀၀၇ခုနှစ် ဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါး ဓာတ်မြေဩဇာကြဲပက်ပွဲတွင် သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဩဂုတ် ၂၂ရက် နံနက်၉နာရီတွင် လားရှိုးမြို့ ရွှေလီရတနာခန်းမ၌ နမ့်ခမ်းမြို့အနီး တည်ဆောက်လျက်ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေးစီမံကိန်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ စီမံကိန်းနှင့်စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းက ရွှေလီရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားလိုအပ်ချက်အရ စီမံကိန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ဖြစ်နိုင်က သတ်မှတ်ချိန်ထက်စောပြီးအောင် ကြိုးစားလုပ်ဆောင်ကြရန်၊ စီမံကိန်းလုပ်ဆောင်မှုအတွေ့အကြုံများ၊ နည်းပညာရပ်များကို လေ့လာမှတ်သားသင်ယူပြီး လက်ဆင့်ကမ်းပညာဖြန့်ဝေပေးနိုင်ရေးအတွက် မှတ်တမ်းမှတ်ရာများ ပြုစုထားရန် လိုကြောင်း ပြောကြားသည်။

ထုတ်ယူနိုင်

ရွှေလီရေအားလျှပ်စစ် စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ ကွန်ကရစ် တမံအဖြစ် တည်ဆောက်ထားပြီး မဂ္ဂါဝပ်၆၀၀ စက်တပ်ဆင်၍ နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ကီလိုဝပ် ထုတ်ယူနိုင်ကြောင်းသိရသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေးလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရွှေလီတံတားကြီးသည် မန္တလေး-လားရှိုး-မူဆယ်-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကုန်သွယ်ရေးကဏ္ဍတွင် အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း၊ တံတားကြီးရေရှည်တည်တံ့စေရေး၊ ချဉ်းကပ်လမ်း အနေအထားများနှင့် မြေပြိုမှုများမဖြစ်စေရေးအတွက် ဖြစ်ပေါ်လာနိုင်မည့် ပျက်စီးမှုများကို ကြိုတင်တွက်ချက်ထားရန်၊ ကျောက်စီ မြေထိန်းနံရံများပြုလုပ်ပြီး ထိန်းသိမ်းသွားကြရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆင်းရွှေလီအထူးအထွက်တိုးနွေစပါး ထူးချွန်တောင်သူများ၊ မြို့နယ် ခရိုင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သိန်းက ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှု၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း အောင်မြင်မှု၊ နွေစပါးတစ်ဧက တင်း ၂၀၀ အထက်ယှဉ်ပြိုင်ကွက်များ ရိတ်သိမ်းထွက်ရှိမှု အခြေအနေများနှင့် စပါးသီးနှံတစ်ဧကတင်း ၂၅၀ထွက်ရှိရေး လိုက်နာရန်နည်းလမ်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ်အတွက် စိုက်ပျိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ခုနှစ် ဆင်းရွှေလီ နွေစပါး တစ်ဧက အထွက်နှုန်း တင်း ၂၅၀ အထက် ထွက်ရှိသော ထူးချွန်တောင်သူများအား ဆုတံဆိပ်များနှင့် ဆုငွေများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး မြို့နယ်အဆင့် ၁၀ဧက စံပြယှဉ်ပြိုင်ကွက်များတွင် ပျမ်းမျှအထွက်နှုန်း အများဆုံးရရှိသည့် မြို့နယ်အသင်း သုံးသင်းဖြစ်သော နမ့်ခမ်း၊ ကျောက်မဲ၊ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအသင်းတို့အားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါး ခရိုင်အဆင့် ဧက ၁၀၀ စံပြယှဉ်ပြိုင်ကွက်များတွင် ပျမ်းမျှအထွက်နှုန်းအများဆုံးရရှိသည့် ခရိုင်အသင်းသုံးသင်းဖြစ်သော တတိယဆုရ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအသင်း၊ ဒုတိယဆုရ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအသင်း၊ ပထမဆုရ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအသင်းတို့အားလည်းကောင်း၊ ဆုတံဆိပ်များနှင့် ဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အပြည့်အဝထည့်သွင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် စပါးအထွက်နှုန်းများ ပိုမိုကောင်းမွန်လာကြောင်း၊ စပါးပင်မစိုက်ပျိုးနိုင်သည့် မြစ်ဝကျွန်းပေါ်နှင့် ယှဉ်ပြိုင်ထွက်ရှိလာပြီဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းလည်းဖြစ် စိုက်ပျိုးရေးလည်းဖြစ်သော စပါးစိုက်ပြီး ဆုယူရသည်မှာ ဂုဏ်ယူစရာဖြစ်၍ စပါးစိုက်ပျိုး ဂုဏ်ရည်တိုးဟုပင် ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ စပါးအထွက်နှုန်း တိုးတက်လာအောင် စပါးစိုက် တောင်သူကြီးများအနေဖြင့် ဝိုင်းဝန်းကြိုးစားရမှာဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းကောင်းစေရန် စပါးစိုက်တောင်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါ ဝိုင်းဝန်းကြိုးစားရမှာဖြစ်ကြောင်း၊ ယခု ဆုပေးပွဲသည် ထိုက်ထိုက်တန်တန် ဆုများပေးအပ်ခြင်းဖြစ်ရာ ဆုရရှိသူများအနေဖြင့် အခြားတောင်သူများပါ စည်းရုံးအတုယူကြိုးစားကြစေလိုကြောင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် သတ်မှတ်စွမ်းအားစုများအပြည့်အဝထည့်သွင်းအသုံးပြုခြင်းဖြင့် မိသားစုဝင်ငွေများတိုးတက်လာမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးဖြင့် စီးပွားဖြစ်အောင် လုပ်ရမည်ဖြစ်ကြောင်း၊ 'လေလာတုန်း ရွက်လွှင့်ပါ' ဆိုသည့် စကားအတိုင်း မြေလွတ်မြေရိုင်းများတွင် ဒေသအာဏာပိုင်များ၏ ပံ့ပိုးမှုဖြင့် စိုက်ပျိုးရေးတိုးချဲ့ လုပ်ကိုင်ခြင်းသည် အခွင့်ကောင်းများပင်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြေလွတ်မြေရိုင်းဧက ရှစ်သိန်းကျော်ရှိပြီး ဒေသအာဏာပိုင်များကလည်း ပံ့ပိုးမှုရှိသဖြင့် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စပါးရော ဆီထွက်သီးနှံများပါ ပန်းတိုင်အထွက် တိုးတက်ကျော်လွန်နေပြီဖြစ်ရာ အရှိန်အဟုန်မပျက်စေရန် ဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် မေတ္တာဖြင့် တုံ့ပြန်လုပ်ကိုင်ကြရမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်မွေး၍ အမြဲတမ်းတိုင်းပြည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရေးကို ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တောင်သူဦးစောကျော်၏ ၂၀၀၇ ခုနှစ် ဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါး ဓာတ်မြေဩဇာကြဲပက်ပွဲတွင် သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ တောင်သူ ဦးစောကျော်၏ ဆင်းရွှေလီ စပါးစိုက်ခင်းသည် ၃ ဒသမ ၄၀ ဧကရှိပြီး တစ်ဧကလျှင် ၂၈၅ တင်း ထွက်ရှိကြောင်း သိရသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ခြံစည်းရိုးကြက်ဆူဆီဖြင့် ဒေသမီးလင်းရေးနှင့် ဆင်းရွှေလီစပါးပျိုးပင်များနှင့် ဆီထွက်သီးနှံမျိုးစေ့များခင်းကျင်းပြသထားသည်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်သူ့ဆေးရုံကြီး၏ ဆေးပဒေသာအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ် ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ခံရယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေများပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အေးရှားဝေါလ် ကုမ္ပဏီ၊ အေသုံးလုံး ဘိလပ်မြေစက်ရုံ၊ အေအမ်စီ (AMC) ကုမ္ပဏီ၊ Green Circle ကုမ္ပဏီ၊ ပတ္တမြားဥယျာဉ်ကုမ္ပဏီနှင့် ငွေရည်ပုလဲကုမ္ပဏီတို့က ငွေကျပ် ၁၀သိန်းစီ ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လည်းကောင်း၊ စိန်ဝတ်မှုံကုမ္ပဏီ၊ ရွှေစပါးကုမ္ပဏီ၊East, Asia Tower ကုမ္ပဏီ၊ ရှမ်းရိုးမအေးချမ်းရေးကုမ္ပဏီ၊ ရွှေလီဂရိတ်မိုင်းနင်းကုမ္ပဏီနှင့်ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံတို့က ငွေကျပ် ၁၀သိန်းစီ ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းစံတို့ကလည်းကောင်း အသီးသီး လက်ခံယူကြသည်။ အဆိုပါလှူဒါန်းပွဲ လှူဒါန်းငွေကျပ်စုစုပေါင်းမှာ သိန်း၂၂၀ ဖြစ်ကြောင်း သိရသည်။

ကျေးဇူးတင်စကား

ထို့နောက် ပြည်နယ် ပြည်သူ့ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကူးစက်ရောဂါလျင်မြန်စွာပျံ့နှံ့မှု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

ကမ္ဘာတစ်ဝန်း၌ ကူးစက်ရောဂါများ မကြုံဖူးအောင် လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ နှစ်ပတ်လည် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပျံ့နှံ့

တစ်နှစ်လျှင် လေယာဉ်စီးခရီးသည် သန်း၂၁၀၀ခန့်ရှိမှုနှင့်အတူ အေအိုင်ဒီအက်စ်၊ ဆားစ်နှင့် အီဘိုလာ ဖျားနာရောဂါများ ကူးစက်ပျံ့နှံ့ရန် အလားအလာများပြားကြောင်း တွေ့ရသည်ဆို၏။

အသိပေးဖလှယ်

ကူးစက်ရောဂါ ဖြစ်ပွားမှု တိုက်ဖျက်ရေး တိုးမြှင့်ကြိုးပမ်းကြရန်နှင့် ကာကွယ်ဆေးများ ထုတ်လုပ်ရေးကို အထောက်အကူဖြစ်စေရန် ဗိုင်းရပ်စ်ပိုးတွေ့ရှိမှု အချက်အလက်များကို အသိပေးဖလှယ်ရန် ဒဗလျူအိတ်ချ်အိုက တိုက်တွန်းထားသည်။

ဝါတွင်းကာလဥပုသ်တရားပွဲ ဓမ္မသဘင်ဆင်ယင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(ည)ရပ်ကွက် ဘုမ္မာ(အနောက်ပိုင်း)ရှိ သာသနာ့ရောင်ခြည်ဓမ္မာရုံတော်ကြီး၌ ဝါတွင်းကာလ လပြည့်၊ လကွယ် ဥပုသ်ရက်များတွင် မွန်းလွဲ ၁ နာရီ၌ အထူးတရားပွဲများ ဆင်ယင်ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဝါတွင်းဓမ္မသဘင်တွင် အရှင်ပညာဝံသ(B.A, နာလန္ဒာတက္ကသိုလ်) ပဓာနနာယကဆရာတော် ညောင်ကန်အေးကွင်းကျောင်း၊ အောင်တော်မူ-ဒေါက်တာသုန္ဒရ သဒ္ဓမ္မဇောတိကဓဇ နာယကအကျိုးတော်ဆောင် မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း၊ ဒေါက်တာဝိစိတ္တ(ပဲခူး) ဂဏဝါစက စာချဆရာတော် ညောင်ကန်အေးကွင်းကျောင်း၊ ဗုဒ္ဓဂယာ ဒေါက်တာတေဇိန္ဒ(ကျမ်းပြု) အမှုဆောင်ဆရာတော် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနှင့် ဒေါက်တာပညာနန္ဒ(မြင်းခြံ) ပိဋကတ်ကျောင်း သဃ်န်းကျွန်းဆရာတော်တို့က ဟောကြားကြမည်ဖြစ်ရာ ကြွရောက်နာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၄

၁၃၆၉ခုနှစ် (ဝါခေါင်လပြည့်နေ့) ဩဂုတ်၂၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်း ဦးစီးပဓာနနာယက မြွှာစရိယ ဘဒ္ဒန္တဉာဏိသရအရှင်သူမြတ်နှင့် ညနေ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ပဲခူးတိုင်း (အရှေ့ပိုင်း) ပဲခူးမြို့ ကံထူးမွှေရိပ်သာ ဦးစီး ပဓာနနာယက ဘဒ္ဒန္တဝါယမအရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက်၁၀နာရီ တွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ပတ္တမြားကျောင်းမှ ဦးဝိသုတ အရှင်သူမြတ်က ဥပုသ်သီလပေး တရားတော် များကိုလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ မွှာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အဘွား ဒေါ်မြကြင်၊ ဖခင် ဦးမိုး၊ မိခင် ဒေါ်အမာရီ၊ မောင် ဦးအောင်မြင့်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် (၂) ရပ်ကွက် စံရိပ်ငြိမ် ၃ လမ်း အမှတ် ၂၆ နေ ညီအစ်မ တစ်စုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

တိုင်းမှူး ဗိုလ်ချုပ်လှ‌ငွေးဝင်း တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပင်မယဉ္စ ရား(တောင်)ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှ‌ငွေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းနိုင်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲ ကျင်းပဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အနုပညာရှင်များက အပျိုတော်ယိမ်း၊ တစ်ပင်တိုင်အက၊ ယဉ်ကျေးမှုတက္ကသိုလ် အမျိုးသမီး ဆိုင်းအဖွဲ့များဖြင့် တင်ဆက်ဖျော်ဖြေကြပြီး တိုင်းမှူး ဗိုလ်ချုပ် လှ‌ငွေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့က သီဆိုကပြ ဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြု ဆုငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်၍ **(အပေါ်ပုံ)** အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၇ခုနှစ် (၁၅)ကြိမ် မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ပထမတန်း၌ ၄၂ဦး၊ ဒုတိယ တန်း ၁၄၈ ဦး စုစုပေါင်း ၁၉၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်အောင်မြင်သော ဝန်ထမ်းသားသမီးများဂုဏ်ပြု

ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက်ဆုချီးမြှင့်ပေး

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီး များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်၊ ဦးဖေသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားပြီး ခြောက်ဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်း သူသုံးဦးအား ဂုဏ်ပြုဆုများချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့်ဦးဖေ သန်းတို့ကငါးဘာသာဂုဏ်ထူးရရှိကြ သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ရဲမင်းသန့်က ကျေးဇူး တင်စကား ပြန်လည် ပြောကြားသည်။

အောင်မြင်ခဲ့

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန အောက်ရှိ ဝန်ထမ်းများ၏ သားသမီး များသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ သုံးဦး၊ ငါးဘာသာ ရှစ်ဦး၊ လေးဘာသာ ၁၂ဦး၊ သုံးဘာသာ ၁၄ဦး၊ နှစ်ဘာသာ ၂၁ဦး၊ တစ်ဘာသာ ၆၁ဦးနှင့် ရိုးရိုးအောင်မြင်သူ ၄၅၉ဦး စုစုပေါင်း၅၇၈ဦးအောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျောက်ဆည်မြို့ သာယာလှပရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးလှမျိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်တို့ လိုက်ပါလျက် ဩဂုတ် ၁၈ရက် နံနက်ပိုင်းက ကျောက်ဆည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အဖွဲ့မှ ဆောင်ရွက်ထားသော ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ် မြို့ပြ၊ကျေးလက်လုပ်ငန်းများ၊ မြို့သာယာလှပ ရေး၊ မြို့ရေပေးရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အဖွဲ့ရုံးဧည့်ခန်းမဆောင်တွင် ဒုတိယဝန်ကြီးက မြို့တွင်းလမ်းများ ဆောင်ရွက်ရာတွင် လမ်းမျက်နှာပြင်ပေါ် ရေမတင်စေရန် လမ်းအခုံး (CamBer) ပေါ်အောင်ခင်းရန်၊ လမ်းပခုံးများအား စနစ်တကျဖို့ပြီး လမ်းကြိတ်စက်ဖြင့် သိပ်သည်းအောင် တစ်ပါတည်းကြိတ်ရန်နှင့် လမ်းဝဲယာတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး တူးဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇော်ဂျီရေစက်ရုံအမှတ်(၁)သို့လည်းကောင်း၊ ဇီးတောရေသန့်စင်စက်ရုံ အမှတ် (၂)သို့လည်းကောင်း၊ မြို့အရှေ့ခြမ်း(၆)ရပ်ကွက် သို့လည်းကောင်း ရောက်ရှိစစ်ဆေးသည်။

ကြပ်မတ်

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အေးမြကြည်လင်ရပ်ကွက် ပိတောက် လမ်းအရှည်ပေ ၉၉၀၊ အကျယ် ၁၂ပေကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိ လာရာ လုပ်ငန်းခွင်အင်ဂျင်နီယာမှ ရှင်းလင်းတင်ပြချက်နှင့်ပတ်သက်ပြီး ဒုတိယ ဝန်ကြီးက လမ်းပခုံးနှင့် လမ်းဘေးဝဲယာရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက် ထားရှိရန်၊ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းခင်းပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် အဖွဲ့မှဆောင်ရွက်ထားရှိသော ခရိုင်ပျိုး ဥယျာဉ်သို့ ရောက်ရှိလာရာ သတ်မှတ်ပျိုးပင်များလျာထားချက်နှင့်အညီ ပျိုးထောင် ထားရှိရေး၊ ပျိုးထုပ်ရန် မြေဆွေး၊ မြေဩဇာများ ထုတ်လုပ်ထားရှိရေး ဆွေးနွေး မှာကြားသည်။ **(သတင်းစဉ်)**

Health Shop (Paris) အလှကုန်ပစ္စည်းများ လက်တွေ့သရုပ်ပြ အလှပြင်အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရွှေပန်းတိုင် ထရေးဒင်းကုမ္ပဏီ လီမိတက်က တင်သွင်းသော Health Shop (Paris) အလှကုန်ပစ္စည်းများ ကို ဖြန့်ဖြူးရောင်းချနေသော Member များအား ထိုင်းနိုင်ငံမှ ဝါရင့် အလှ ဖန်တီးရှင်က မိတ်ကပ်နှင့် ပတ်သက်သည့် အလှပြင် သင်တန်း လက်တွေ့ပြသခြင်း အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက အမှတ် ၁၉၉၊ ၁၃လမ်းနှင့် ဘုန်းကြီး လမ်းကြား အနော်ရထာလမ်းပေါ်ရှိ Health Shop (Paris)ရုံးချုပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင် အနုပညာရှင်များနှင့် အသင်းဝင် Member များ တက် ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံမှ မိတ်ကပ်ပညာရှင် Bang-Orn Kong Charearnနှင့်အဖွဲ့က အနုပညာရှင် နှင့် မော်ဒယ်များအား ရွှေပန်းတိုင် ကုမ္ပဏီကထပ်မံတင်သွင်းမည့်မိတ်ကပ်၊ Loose Powder, Eye Brow, Eye Liner, Lip Stick, Eye Shadow, Brush on အစရှိသော Health Shop (Paris) အလှပြင် ပစ္စည်းသစ် များကို သုံးစွဲ၍ ရိုးရိုးမိတ်ကပ် အလှ ပြင်ခြင်းနှင့် ပွဲထိုင်မိတ်ကပ် အလှပြင် ခြင်းတို့ကို လက်တွေ့ ပြသသည်။ **(အောက်ပုံ)**

ယင်းလက်တွေ့သင်တန်းကိုဩဂုတ် ၂၄ ရက်အထိ Member များအား ဆက်လက် သင်ကြားပေးကြောင်းသိရ သည်။ **(သတင်းစဉ်)**

အာဆီယံသစ်တောထွက်ပစ္စည်းထုတ်လုပ်သူများအသင်း ကောင်စီအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက်ညီလာခံကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

အာဆီယံသစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်း (AFPIC)၏ (၅)ကြိမ်မြောက် ကောင်စီအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် ညီလာခံကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်နှင့် အလုပ်အမှုဆောင်များ၊ အာဆီယံသစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်းဝင် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကားပြော

ရှေးဦးစွာ အာဆီယံသစ်တောထွက်ပစ္စည်းထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး Mr. Dato Nazuri က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အာဆီယံသစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများသည် အမှတ်တရလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ထို့နောက် အာဆီယံသစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်း၏ (၅)ကြိမ်မြောက် ကောင်စီအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက်ညီလာခံကို ဆက်လက်ကျင်းပရာ မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကလေးခရိုင်နှင့် တမူးခရိုင်ရှိ အကျဉ်းထောင်နှင့်အကျဉ်းစခန်းများသို့ ရုပ်မြင်သံကြားစက်များနှင့် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၂၃ ရက်က ကလေးမြို့ အကျဉ်းထောင်သို့ သွားရောက်၍ ဧည့်ရိပ်သာခန်းမ၌ ကျင်းပသော စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်းပွဲတွင် အမှာစကားပြောကြားပြီး အကျဉ်းသားများအတွက် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများနှင့် ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က စားသောက်ဖွယ်ရာများနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းသားများကို စနစ်တကျထိန်းသိမ်းထားရှိမှုများ၊ လူသားချင်းစာနာစိတ်ဖြင့် စောင့်ရှောက် ကျွေးမွေးနေမှုများကို ရှင်းလင်းတင်ပြ၍ လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ကလေးမြို့နယ်ရှိ ရာဇဂြိုလ်(၁)အကျဉ်းစခန်းသို့ သွားရောက်၍ အကျဉ်းသားများအတွက် စားသောက်ဖွယ်ရာများ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ရာဇဂြိုလ်(၁)နှင့် ရာဇဂြိုလ်(၂)အကျဉ်းစခန်းများအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် ဂျာနယ်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် အတူ တမူးခရိုင် ခမ်းပတ်မြို့သို့သွားရောက်၍ ခမ်းပတ်မြို့ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခမ်းပတ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး အသင်းကိစ္စရပ်များနှင့် အသင်းရုံးဆောက်လုပ်နိုင်ရေးအတွက် မှာကြားသည်။

တာဝန်ပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခမ်းပတ်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ခမ်းပတ်မြို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သောင်းစုမှူး၊ ထောင်စုမှူး၊ ရာစုမှူးများအား တာဝန်ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ပေးအပ်လွှာများကိုပေးအပ်ကာ အသင်းလုံချည်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တမူးမြို့နယ် ဘုတ်ကန်ကျေးရွာသို့သွားရောက်၍ စာကြည့်တိုက်ဖွင့်လှစ်ပွဲသို့ တက်ရောက်အားပေးပြီး ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံတို့ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တမူးမြို့နယ် ဆရာစံအကျဉ်းစခန်းသို့ ရောက်၍ ဆရာစံအကျဉ်းစခန်းနှင့် အုတ်ဖိုကန်ဒေါင့် အကျဉ်းစခန်းတို့ရှိ အကျဉ်းသားများအတွက် ရောင်စုံရုပ်မြင်သံကြားစက်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆရာစံအကျဉ်းစခန်းရှိ အကျဉ်းသားများအတွက်ငွေ ကျပ်သုံးသိန်းတန်ဖိုးရှိ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံးနှင့် စားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးဝါးများ၊ အားကစားပစ္စည်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

အားကစားပစ္စည်းများ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တမူးမြို့နယ် အုတ်ဖိုကန်ဒေါင့် အကျဉ်းစခန်းရှိ အကျဉ်းသားများအတွက် ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ ၂၁လက်မရောင်စုံ ရုပ်မြင်သံကြား ပြစက်တစ်လုံးနှင့် တိုင်းရင်းဆေးဝါးများ၊ အားကစားပစ္စည်းများ၊ မဂ္ဂဇင်း၊ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တမူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ဆရာစံအကျဉ်းစခန်းရှိ အကျဉ်းသားများသို့ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြပြီး အကျဉ်းစခန်း တာဝန်ခံအရာရှိတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တမူးမြို့နယ်ရှိ သောင်းစုမှူး၊ ထောင်စုမှူး၊ ရာစုမှူးများအား တာဝန်ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ပေးအသိအမှတ်ပြုလွှာများနှင့် အသင်းအိပ်ဆောင်ကတ်များ၊ အသင်းလုံချည်များကို ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တမူးခရိုင် အားကစားကွင်း၌ ကျင်းပသော တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဖလားကျေးရွာ၊ ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး တမူးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီသို့ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် တမူးခရိုင်ဧည့်ရိပ်သာ၌ တမူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ငွေကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ရိပ်သာ၌ တမူးခရိုင်နှင့် တမူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားရာ တိုင်းအသင်းအတွင်းရေးမှူး တမူးခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားပြီး မြို့သစ်မြို့ အသင်းရုံးသစ်ဆောက်လုပ်ရန် သွပ်အချပ် ၅၀ကို လှူဒါန်းကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးဆယ်ဆသာလိမ့်မယ် မြန်မာဇာတ်ကားသစ်ရုံတင် မိခင်မေတ္တာဖော်ကျူးသော မြန်မာဇာတ်ကားစစ်စစ် ကြည့်ရမည်

ချပ်ရှင် သတင်းထောက်

ရန်ကုန် ဩဂုတ် ၂၄

မြင့်မာလာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ မောင်ယဉ်အောင် တင်ဆက်သည့် **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကားသစ် ရန်ကုန်တွင်သွင်၊ သမ္မတနှင့် မင်္ဂလာရုံများ ရုံဝင်လာပြီး မန္တလေး ဝင်းလိုက်၊ မြို့မ၊ တောင်ကြီး မြသုခ၊ မြိတ် ဂုဏ်ရုံများတွင် တစ်ပြိုင်တည်း ပြသလျက်ရှိသည်။

ကိုရီးယား ဇာတ်လမ်းတွဲများ၊ အိန္ဒိယဇာတ်လမ်းများ ကျော်ရိုးပြုရိုက်ကူးတင်ဆက်ခြင်းမပြုဘဲ မြန်မာ့အလှ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့တောဓလေ့ အငွေ့အသက်များ မွမ်းထုံထားသော မိခင်မေတ္တာဘွဲ့ မြန်မာဇာတ်ကားစစ်စစ် ကြည့်ချင်သူ မြန်မာရုပ်ရှင် ပရိသတ်အတွက် အထူးတင်ဆက်လိုက်သော ဇာတ်ကားဖြစ်သည်။

ဇာတ်လမ်းတွင် မြို့ကြီးသား ရန်အောင်ကြောင့် အညာကျေးလက်တောရွာလေးမှ မိုးဒီ၊ ကျော်ရဲအောင်၊ နန္ဒာလှိုင်တို့ သားအဖ၏ အေးချမ်းပျော်ရွှင်ဖွယ် အသိုက်အမြုံလေး လှုပ်ခါသွားရပုံ၊ ဦးလေးတော်သူ ဇော်ဝမ်းကြောင့် မေကဗျာတစ်ယောက် မိခင်မေတ္တာ၊ မိခင်စေတနာ စော်ကားမိပုံများကို အချိတ်အဆက်မိမိ သဘာဝကျကျ ရိုက်ကူး တင်ဆက်ထားသည်။

ဆက်လက်ပြသ

ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီး နေတိုး၊ အိန္ဒြာကျော်ဇင်၊ မော့စ်တို့ ခေါင်းဆောင် ပါဝင်ထားသော **ဒီကောင်ဘယ်သူတုန်း** ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ မြရတနာ၊ ဝဇီရာ(၂) ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် A Battle of Wit ဇာတ်ကားဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် Die Hard-4 ဇာတ်ကား ပြသလျက်ရှိသည်။ ရွှေဂုန်ရုံ အပေါ်ထပ်၌ Code of Silence ဇာတ်ကား ရုံဝင်လာသည်။

ကိုးဆယ်ဆ သာလိမ့်မယ် ဇာတ်ကားမှ ရန်အောင်၊ နန္ဒာလှိုင်နှင့် ဆောင်းဟေမာန်နှင်း။

မြစ်နှစ်စင်းရဲ့ပင်လယ် ဇာတ်ကားမှ မို့မို့မြင့်အောင်၊ ထွန်းအိန္ဒြာဗိုနှင့် အိန္ဒြာကျော်ဇင်။

ယင်းဇာတ်ကားသည် နာမည်ကြီး အက်ရှင်မင်းသား ချက်စ်နောရစ် ခေါင်းဆောင် ပါဝင်ထားသော အက်ရှင်စွန့်စားခန်း ဇာတ်ကားဖြစ်သည်။ ရွှေဂုန်ရုံ မြေညီထပ်၌ မင်းသား Arbaaz Khan ပါဝင်ထားသော Ali Ba Ba ဇာတ်ကား ပြသနေသည်။ မြို့မရုံ၌ Hanuman ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရာမဇာတ်တော်ထဲမှ ဟာနုမာန်ကို ထူးထူးခြားခြား တွေ့မြင်ရမည်ဖြစ်သည်။

တစ်ကျော့ပြန်

ဆုထူးပန်ရုံတွင် AAP Mujhe Achche Lague Lage အိန္ဒိယဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် **ကဟိုးနားပျားဟဲ** ဇာတ်ကားဖြင့် ကမ္ဘာကျော်သွားသော ရိုသစ်ရိုရှန်းနှင့် အမီရှာပတေးတို့တွဲဖက် ပါဝင်ထားသည်။ ဘုရင့်ရုံတွင် အမီခန်၊ ဂျူဟီကာဝါ၊ အာဂျေးဒေ့ဗ်ဂန်နှင့်ကာဂျိုးလ်တို့ ခေါင်းဆောင် ပါဝင်ထားသော ISHQ ဇာတ်ကား ပြသနေသည်။

ဗီဒီယိုဇာတ်ကားများ

ပင်လယ်ရေသည်ငန်၏၊ ရေငန်သည် ဘယ်တော့မှ မချိုပါ၊ သို့သော် ချောင်းသာကမ်းခြေတစ်နေရာ၌ ပျော်ရွှင်စရာများ ပေါင်းဆုံလာသောအခါအပျော်များ ကူးဆက်သွားပြီး ရေချိုပင်လယ်ကြီး ဖြစ်သွားပါသည်ဟု ဆိုသော ဒါရိုက်တာ မောင်သီ၏ **ရေချိုပင်လယ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ပြသနေသည်။

နှင်းသီတာအေးနှင့် ခက်ခက်ခိုင်မာဆိုတာ တကယ်တော့ အပြိုင်စီးဆင်းနေတဲ့ မြစ်နှစ်စင်းပါပဲ။ ဒါပေမယ့် မြစ်နှစ်စင်းလုံး မေ့နေတာက သူတို့ဟာ တစ်ခုတည်းသော ပင်လယ်ကို ဖြည့်ဆည်းပေးနေကြတာပါပဲလို့ ဆိုသော **မြစ်နှစ်စင်းရဲ့ ပင်လယ်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။ **မြစ်နှစ်စင်းရဲ့ ပင်လယ်** ဇာတ်ကားကို ဒါရိုက်တာ ဝင်းထွန်းထွန်းက ရိုက်ကူးပြီး အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီစံရှားတင်နှင့် ရဝေအောင်တို့ ခေါင်းဆောင် ပါဝင်ထားကြသည်။ ။ **(မြန်မာ့အလင်း)**

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၄

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၁)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ညှိနှိုင်းစည်းဝေး

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ရက် နံနက် ၉နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းအောင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းမှု၊ အလုပ်အမှုဆောင်များနှင့် အသင်း၏ လုပ်ငန်းကော်မတီများ ဖွဲ့စည်းမှုအခြေအနေများ၊ ကုန်စည်ဒိုင်များ ဖွင့်လှစ်ဆောင်ရွက်ရေးကို ရှင်းလင်းဆွေးနွေးသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်က ပြန်လည် ရွေးချယ်တင်မြှောက်ထားသော ၂၀၀၇-၂၀၀၈ ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်း ဖတ်ကြားတင်ပြကာ အစည်းအဝေး ပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ဆက်လက်ကျင်းပ

အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အတွင်းရေးမှူး ဦးစိုးမင်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က လုပ်ငန်းကော်မတီနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးကို ဆွေးနွေးကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးဒေးဗစ်က ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ဦးဆောင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၏ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းကာအစည်းအဝေးတက်ရောက်သူများက လုပ်ငန်းဆောင်ရွက်မှုများဆွေးနွေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရန်ကင်းမြို့နယ် ပြည်သာယာ (တာမွေလေးသံလမ်းမှတ်တိုင်အနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် အရှေ့ရန်ကင်း အမှတ်(၁၅၈/က)နေ မိဘနှစ်ပါးနှင့် ခင်ပွန်း ဒေါက်တာမြင့်သိန်း၊ သားကြီး သီဟမြင့်သိန်းတို့အား ရည်စူး၍ ဒေါ်ရီရီခိုင် မိသားစုက ငွေကျပ် ၁၆၀၀၀၀ ကို ဆရာတော် သီတဂူကြာတစ်ပွင့် ရှေ့မှောက်၌ မယ်တော်ဒေါ်အမာထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းနေ ဦးမောင်ဖေ-ဒေါ်ကြင်စိန်မိသားစုက သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အနာဂတ်လုပ်ငန်းအစည်းအဝေး

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့၏ အနာဂတ်လုပ်ငန်းစဉ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သစ်တော)

နေပြည်တော် ဩဂုတ် ၂၄

အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ (ICIMOD)၏ အနာဂတ်လုပ်ငန်းစဉ် အစည်းအဝေးကို ဩဂုတ်၂၂ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရေဆင်းသစ်တော သုတေသနခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ICIMODမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Dr.Madhay B.Karki က မြန်မာနိုင်ငံနှင့် အခြားအဖွဲ့ဝင် နိုင်ငံများတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် တောင်တန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ သဘာဝ ပတ်ဝန်းကျင် ပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ နေထိုင်ပြီး ဂေဟစနစ်များ၏ ဝန်ဆောင်မှုများကို မှန်မှန်ကန်ကန် အသုံးချနိုင်ရေး၊ ရေသုံးစွဲမှုနှင့် ရေဘေးအန္တရာယ် ကာကွယ်မှုတို့ကို ပူးတွဲအုပ်ချုပ် စီမံနိုင်ရေး ကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်ဆွေးနွေးသူများ(Participants) က အသေးစိတ်ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဩဂုတ်လအတွက်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၆-၈-၂၀၀၇ ရက်

၂၀၀၇ ခုနှစ် စက်တင်ဘာလအတွက်

၉-၉-၂၀၀၇ ရက်နှင့် ၃၀-၉-၂၀၀၇ ရက်

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းကို ဩဂုတ်၁၆ရက်က အထက(၁) လှိုင်စာကြည့်ခန်းမ၌ ကျင်းပစဉ်။
(မြို့နယ် ပြန်/ဆက်)

တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ် ကာကွယ်ဆောင်ရွက်ခဲ့သဖြင့် အကြမ်းဖက်အဖွဲ့များ၏ ဖောက်ခွဲရေးလုပ်ငန်းများအောင်မြင်ခြင်းမရှိခဲ့

❒ ကျောဖုံးမှ

ငင်းအပြင် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာနှင့် အနှစ်သာရရှိရှိ၊ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံတည်ဆောက်ခြင်းများ အပါအဝင် နိုင်ငံတော်၏ တည်ငြိမ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအားလုံးတွင်လည်း စွမ်းစွမ်းတမံ ကြိုးပမ်းမြှင့်တင် ဖော်ဆောင်ပေးလျက်ရှိသည်။ အဆိုပါ ကြိုးပမ်းဆောင်ရွက်အောင်မြင်မှုများကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးပြီး ပြည်သူအများလိုလားသည့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

သတင်းကြိုတင်ရခဲ့

ထိုသို့သော အခြေအနေတွင် ပြည်တွင်း ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဖြတ်လမ်းမှနေ၍ အာဏာရယူနိုင်ရေး၊ အနာဂတ်နိုင်ငံရေးတွင် ပါဝင်ခြယ်လှယ်နိုင်ရေးတို့အတွက် အမျိုးသားညီလာခံ၏ လုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရန်၊ အမျိုးသားညီလာခံပျက်ပြားစေရန်၊ တိုင်းပြည် မတည်မငြိမ်ဖြစ်ပြီး ၈၈ အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုမျိုးထပ်မံပေါ်ပေါက်လာစေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့်–

(၁) အမျိုးသားညီလာခံအောင်မြင်မှုမရှိစေရန်နှင့် ပျက်ပြားစေရန် ဆန့်ကျင်တိုက်ဖျက်ရေး။

(၂) ၈၈အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုများထပ်မံပေါ်ပေါက်လာအောင် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ရေး။

(၃) ဖောက်ခွဲဖျက်ဆီးမှုများအပါအဝင် ပြည်တွင်း၊ ပြည်ပဆန့်ကျင်လှုပ်ရှားမှုအမျိုးမျိုးလုပ်ဆောင်ရေး ဟူသည့် မဟာဗျူဟာ(၃)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းများကြိုတင်ရရှိခဲ့သည်။ အဆိုပါ မဟာဗျူဟာ(၃)ရပ်ကို အကောင်အထည်ဖော်ရာတွင် ဆန့်ကျင်ဘက်အဖွဲ့အသီးသီးအနေဖြင့် မိမိတို့နှင့် သင့်လျော်သည့် နည်းဗျူဟာများကို ရွေးချယ်ကျင့်သုံးပြီး လှုပ်ရှားဆန့်ကျင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် အခြေအနေပေးသောလုပ်ငန်းများတွင်မူ ပူးပေါင်းလှုပ်ရှားဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်စပ်ဖြစ်ပွားအောင်

ထိုမဟာဗျူဟာများနှင့်အညီ **ပြည်ပြေး အကြမ်းဖက်သမားများနှင့် လက်ကျန်သောင်းကျန်းသူများ ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB ကလည်း ဗကပယူဂျီလက်ကျန်များနှင့် ပူးပေါင်းပြီး ဗကပများရေးဆွဲထားသည့် လူထုတိုက်ပွဲစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် ဗဟို လူထုတိုက်ပွဲကော်မတီကိုဖွဲ့စည်းလှုပ်ရှားလျက်ရှိကြောင်း၊ ယင်းကော်မတီ၏ လက်အောက်တွင် ပြည်တွင်း ယူဂျီများဖြင့် ဥပဒေတွင်း လူထုတိုက်ပွဲကော်မတီဆိုသည်ကိုလည်း ဖွဲ့ထားကြောင်း၊ ယင်းကော်မတီတွင် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများ၊ ဝါရင့်နိုင်ငံရေးသမားဆိုသူများ၊ CRPP အဖွဲ့ဝင် အချို့နှင့် NLD ပါတီဝင်အချို့လည်း ပါဝင်လှုပ်ရှားနေကြောင်း၊ ၎င်းတို့သည် သံဃာတော်များ၊ တက္ကသိုလ် ကောလိပ် ကျောင်းသားများ၊ အလုပ်သမားများအတွင်း၌ အမာခံများ သွတ်သွင်းမွေးမြူပြီး ဆူပူအုံကြွမှုနှင့်အကြမ်းဖက် ဖောက်ခွဲမှုလုပ်ရပ်များ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်နေကြကြောင်း** သတင်းများ ရရှိခဲ့သည်။

၈၈ မျိုးဆက်ကျောင်းသားဆိုသူ အဖွဲ့ကလည်း ထိုဆူပူအုံကြွမှုနှင့် အကြမ်းဖက်ဖောက်ခွဲမှုများ ဆောင်ရွက်ရာ၌ ပြည်ပရှိအဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ခုနှစ် နှောင်းပိုင်းတွင် ဇော်ဇော်အောင်(မြောက်/ဒဂုံ)နှင့် ဆွေကို(တာမွေ)တို့အား ထိုင်း– မြန်မာနယ်စပ်သို့ စေလွှတ်ခဲ့ကြောင်း၊ သို့ရာတွင် လုပ်ငန်းများအောင်မြင်မှုမရှိသဖြင့် ၂၆–၅–၂၀၀၇ရက်တွင် မင်းကိုနိုင်၊ ကိုကိုကြီးတို့က ၎င်းတို့အဖွဲ့မှ နေတင်မြင့်(ခေါ်) နေဝင်းအား ထပ်မံစေလွှတ်ခဲ့ရာ ၂၉–၅–၂၀၀၇ရက်တွင် မဲဆောက်သို့ ရောက်ရှိခဲ့ကြောင်း၊ ပြည်ပနိုင်ငံများရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ အကြမ်းဖက်မှု၊ ဆန့်ကျင်လှုပ်ရှားမှုများကို အောင်မြင်အောင် ပြုလုပ်သွားရန်ဖြစ်ကြောင်း သတင်းများရရှိခဲ့သည်။ ထိုသတင်းများကို ဇူလိုင် ၅ရက်ထုတ် သတင်းစာများတွင် ထည့်သွင်းအသိပေး ဖော်ပြခဲ့ပြီးလည်း ဖြစ်သည်။

ဖောက်ခွဲရေး

ထိုသတင်းများနှင့်တစ်ဆက်တည်းပင် ABSDF သောင်းကျန်းသူအဖွဲ့ကလည်း ညောင်နှစ်ပင်အမျိုးသားညီလာခံနှင့်ရန်ကုန်မြို့တွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ၎င်းတို့၏အဖွဲ့ဝင် မကြည်ပြာလင်းနှင့် မစိုးလင်းခိုင်တို့နှစ်ဦးအား ၃–၇–၂၀၀၇ရက်တွင် မဲဆောက်မှတစ်ဆင့် ပြည်တွင်းသို့စေလွှတ်ခဲ့ကြောင်း၊ ၄–၇–၂၀၀၇ရက်တွင် ဘားအံသို့ရောက်ရှိပြီး ၎င်းမှတစ်ဆင့် ရန်ကုန်သို့ထွက်ခွာကာ ဆဲဗင်းဇူလိုင်၊ အာဇာနည်နေ့နှင့် အမျိုးသားညီလာခံကျင်းပရက်များတွင် ဖောက်ခွဲမှုများ ပြုလုပ်ရန်စီစဉ်ခဲ့ကြောင်း သတင်းများရရှိခဲ့သည်။

ထို့အတူ ပြည်ပရှိ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့ကလည်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန် ၎င်းတို့အဖွဲ့ဝင် အောင်ကိုနိုင်အား ၁၄–၇–၂၀၀၇ရက်တွင် စေလွှတ်ခဲ့ရာ ၁၅–၇–၂၀၀၇ရက်တွင် ထိုင်း–မြန်မာနယ်စပ် မယ်စရိယန်းသို့ရောက်ရှိပြီး ပြည်တွင်းသို့ လျှိုင်ကော်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့ကြောင်း၊ အောင်ကိုနိုင်သည် ကြိုတင်ရောက်ရှိနေသော မကြည်ပြာလင်း၊ မစိုးလင်းခိုင်တို့နှင့်ဆက်သွယ်ကာ အမျိုးသားညီလာခံကျင်းပနေချိန်တွင် ညီလာခံအစည်းအဝေးကျင်းပသည့်နေရာနှင့် ကိုယ်စားလှယ်များနေထိုင်သည့် အိပ်ဆောင်များကို ဖောက်ခွဲဖျက်ဆီးသွားရန်စီစဉ်ခဲ့ကြောင်း၊ ထိုဖောက်ခွဲဖျက်ဆီးမှုများကို အမေရိကန်နိုင်ငံလုပ် ခေတ်မီချိန်ကိုက်မိုင်းများ အသုံးပြုမည်ဖြစ်ကြောင်း သတင်းများရရှိခဲ့သည်။

ကြံစည်ကြိုးပမ်း

သို့သော် တာဝန်ရှိသူများက ၎င်းသတင်းများကိုကြိုတင်ရရှိပြီး လုံခြုံရေးကို ကြပ်ကြပ်မတ်မတ်ကာကွယ်စီမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် အကြမ်းဖက်အဖွဲ့များအနေဖြင့် ဖောက်ခွဲရေးလုပ်ငန်းများအား အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော် ၎င်းတို့၏ ဖောက်ခွဲရေးပစ္စည်းများမှာ ပြည်တွင်း၌ ရောက်ရှိနေပြီးဖြစ်၍ အခွင့်ကောင်းစောင့်ဆိုင်းကာ ဖောက်ခွဲဖျက်ဆီးရန်ကြံစည်ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

ထိုလှုပ်ရှားမှုများနှင့်တစ်ပြိုင်တည်းလိုပင် ပြည်တွင်းရှိ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ အဖွဲ့ကလည်း အမျိုးသားညီလာခံပျက်ပြားစေရန်၊ နိုင်ငံတော် တည်ငြိမ်မှုပျက်ပြားပြီး လူထုအုံကြွမှုများ ပေါ်ပေါက်လာစေရန်အတွက် လက်မှတ်ရေးထိုးသည့်လှုပ်ရှားမှု (Signature Campaign)၊ အဖြူရောင်လှုပ်ရှားမှု (White Expression Campaign)၊ ဝတ်ပြုဆုတောင်းပွဲလှုပ်ရှားမှု (Prayer Campaign)နှင့် အဖြူရောင်တနင်္ဂနွေလှုပ်ရှားမှု (White Sunday Campaign)စသည့် လှုပ်ရှားမှုအမျိုးမျိုးဖြင့် လှုံ့ဆော်သွေးထိုးဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

အထင်အမြင်လွဲမှားရန်

ထို့ပြင် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့သည် ၂၈–၆–၂၀၀၇ရက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့်ပတ်သက်၍ သဘောထားကြေညာချက်ဆိုသည်ကိုလည်းကောင်း၊ ၈–၈–၂၀၀၇ရက်တွင် ရှစ်လေးလုံး(၁၉)နှစ်မြောက် အထိမ်းအမှတ်ကြေညာချက်ဆိုသည်ကိုလည်းကောင်း ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်များတွင် အမျိုးသားညီလာခံပျက်ပြားစေရန်၊ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်စေရန်၊ သေးသိမ်စေရန်နှင့် ပြည်သူများအထင်အမြင် လွဲမှားစေရန် ရေးသားမှုများပါဝင်လျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ထိုကြေညာချက်များကို ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းများ၊ ပြည်ပသတင်းဌာနများသို့ပါပေးပို့ပြီး နိုင်ငံတော်အား ပြည်ပကပါ ဝိုင်းဝန်းဖိအားပေးအောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့၏ ထိုသို့သော ပြုမူပြောဆိုဆောင်ရွက်ချက်များသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေသည့်အပြင် **နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ(၅/၉၆)**နှင့် ငြိစွန်းနေကြောင်း တွေ့ရသည်။ အလားတူပင် **အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်နေခြင်းသည်လည်း တည်ဆဲဥပဒေများနှင့် ငြိစွန်းလျက်ရှိသည်။** ထို့ကြောင့် အဆိုပါလုပ်ရပ်များကို ဦးဆောင်စီစဉ်ဆောင်ရွက်ခဲ့ကြသည့် ၈၈ မျိုးဆက်ကျောင်းသားဆိုသူ မင်းကိုနိုင်၊ ကိုကိုကြီး၊ ပြုံးချို(ခ)ဌေးဝင်းအောင်၊ မင်းဇေယျ၊ မြအေး(ခ)သူရ၊ ကျော်မင်းယု(ခ)ဂျင်မီ၊ ဇေယျ(ခ)ကုလားမ၊ ကျော်ကျော်ထွေး(ခ)မာကီး၊ အံ့ဘွယ်ကျော်၊ ပဏ္ဍိတ်ထွန်း၊ ဇော်ဇော်မင်း၊ သက်ဇော်နှင့် ဉာဏ်လင်းတို့အား ၂၁–၈–၂၀၀၇ ရက်တွင် သက်ဆိုင်ရာက ခေါ်ယူမေးမြန်း စစ်ဆေးလျက်ရှိသည်။

ထွက်ပြေးတိမ်းရှောင်

အဆိုပါ အုပ်စုနှင့်အတူ အကြမ်းဖက်မှုများတွင်လည်းကောင်း၊ အမျိုးသားညီလာခံပျက်ပြားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင်လည်းကောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်များတွင်လည်းကောင်း ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့် ဌေးကြွယ်မှာမူ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးစစ်ဆေးနိုင်ခြင်းမရှိသေးကြောင်း သိရှိရသည်။

ယခုအခါ မင်းကိုနိုင်အပါအဝင် ၁၃ဦးတို့အား သက်ဆိုင်ရာက စစ်ဆေးလျက်ရှိပြီး စစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ ဥပဒေကြောင်းအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆူပူအုံကြွမှုဖြစ်ပေါ်စေရန် လှုံ့ဆော်သွေးထိုး အစပျိုးသူများအား ပြည်သူလူထုက တားဆီးထိန်းသိမ်းကာ တာဝန်ရှိသူများထံအပ်နှံခဲ့

■ ကျောဖုံးမှ

အလားတူ သြဂုတ် ၂၄ရက်တွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ နံနက် ၁၁နာရီခန့်တွင် ဆူပူဆန္ဒပြရန်လှုံ့ဆော်သူ NLD ပါတီဝင်များဖြစ်ကြသော ဦးညွန့်ဝင်း၊ အောင်ဇော်ဦး၊ ဦးသိန်းငွေ၊ မင်းမင်းဦး၊ တင်မောင်ကြည်၊ ဦးစောလွင်နှင့် ဦးသိန်းမြင့်ထွန်းတို့အားလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်၌ နံနက် ၁၁နာရီခွဲခန့်တွင် မြင့်အေးအားလည်းကောင်း၊ ရန်ကုန်မြို့ မြို့တော်ခန်းမအနီး၌ မွန်းလွဲ ၂နာရီခန့်တွင် ညိုညိုလွင်၊ မြင့်ဦး၊ ခင်မာချို၊ ဒေါ်စိန်ထွေး၊ မစိုးစိုး၊ မသဥ္ဇာ၊ မတင်လှ၊ နီနီအေး၊ မြင့်မော်၊ ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ဝင်းမြတ်၊ ဒေါ်ခင်စန်းဦး၊ မေသီဂီ၊ ထွန်းထွန်းဝင်း၊ ဦးသန်းလှိုင်၊ အောင်ကျော်နိုင်၊ ဦးလူအေးနှင့် မြင့်နိုင်တို့အားလည်းကောင်း၊ ဒဂုံတက္ကသိုလ်အနီး၌ မျိုးမင်းမောင်အားလည်းကောင်း၊ ရန်ကုန်မြို့ ဆူးလေဘုရားအနီး၌ မွန်းလွဲ ၁နာရီကျော်ခန့်တွင် ကျော်သူရိန်အားလည်းကောင်း ဆူပူမှုကို မလိုလားသည့် ပြည်သူများက တားဆီးထိန်းသိမ်းပြီး တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

ကာကွယ်တားဆီး

ထိုသို့ ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်လှုံ့ဆော်သွေးထိုးအစပျိုးသူများအား မိမိမြို့နယ်၊ မိမိရပ်ကွက်တွင် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုကလက်မခံဘဲ တားဆီးထိန်းသိမ်းကာ သက်ဆိုင်ရာတာဝန်ရှိသူများထံ လာရောက်အပ်နှံခဲ့ရာတွင် ဒေသအလိုက်လုံခြုံရေးတာဝန်ရှိသူများကလည်း ဆူပူလိုသူများ၏ အသက်အန္တရာယ်ကိုစိုးရိမ်သဖြင့်လက်ခံထိန်းသိမ်းပေးထားခဲ့ရကြောင်းသိရှိရသည်။ ယင်းကဲ့သို့ ကာကွယ်တားဆီးမှုများပြုလုပ်ခဲ့သည့်အတွက် ဆူပူမှုများဖြစ်ပေါ်မှုမရှိဘဲ သက်ဆိုင်ရာနယ်မြေအသီးသီးတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းစွာနေထိုင်လုပ်ကိုင်နိုင်ကြသဖြင့် စိတ်ချမ်းမြေ့ဝမ်းသာကြည်နူးလျက်ရှိကြကြောင်းသိရှိရသည်။

တာဝန်ရှိ

ထိုကဲ့သို့ အချို့သော NLD ပါတီဝင်များ၊ ထုတ်ပယ်ခံများသည် ၈၈မျိုးဆက်ကျောင်းသားအမည်ခံအုပ်စုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိနေမှုများကို ကြားသိ၊ တွေ့မြင်နေရသည့် ပြည်သူများက NLD ပါတီအနေဖြင့် အဆိုပါလုပ်ရပ်များတွင် တာဝန်မကင်းကြောင်း၊ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိ၏ ပါတီဝင်များကို ကြပ်မတ်ထိန်းသိမ်းရန် တာဝန်ရှိကြောင်းစသည်ဖြင့် ဝေဖန်ပြောဆိုနေကြောင်းလည်း သတင်းများ ရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် ဆင်းရှေလီစပါးစိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်သည် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်၂၂ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ် နယ်မြေခံတပ်ရင်း၏ ဆင်းရှေလီစပါး တစ်ဆက်တစ်စပ်တည်း စံပြဧက ၅၀ စိုက်ခင်းသို့ရောက်ရှိရာ စိုက်ခင်းကြီးကြပ်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးကျော်မျိုးဝင်းက စံပြစိုက်ခင်းအတွင်း ဆင်းရှေလီစပါး စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒိုင်းမွန်းစတားကုမ္ပဏီမှ မန်နေဂျာ ဦးအောင်မြင့်ဆွေက ကုမ္ပဏီအနေဖြင့် ဆင်းရှေလီစပါးစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ဦးသောင်းနေဦးက ဆင်းရှေလီစပါးစိုက်ပျိုးရာတွင် အထောက်အကူအဖြစ် ဇီဝသဘာဝမြေဩဇာ (Bio Composer) များကို ပါဝင်လှူဒါန်းရခြင်းနှင့် ကျောက်ဆည်နယ်မြေအတွင်း နွေစပါးစမ်းသပ်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စပါးစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသည့် စစ်သည်မိသားစုဝင်များနှင့် စိုက်ပျိုးရေးပညာရှင်များအား ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်က တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အဓိကဆန်စပါးသီးနှံ တစ်ဧကအထွက်နှုန်းတိုးစေမည့် မျိုးကောင်းမျိုးသန့်နှင့်စိုက်နည်းစနစ် ပြောင်းလဲမှုကို ဒေသခံတောင်သူလယ်သမားများအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံးဆောင်ရွက်သွားကြရေးနှင့် စံနမူနာပြအဖြစ် ယခုစိုက်ခင်းကို တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့်အဖွဲ့သည် စံပြဧက ၅၀ စပါးစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများနှင့် စုပေါင်းကောက်စိုက်နေကြသည့် စစ်သည်မိသားစုဝင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မိတ္ထီလာတပ်နယ်အတွင်း ရှေ့ပြေးစိုက်ပျိုးထားရှိသော ဆင်းရှေလီစပါးစိုက်ခင်းမှာ ရက်ပေါင်း ၁၁၀ သက်တမ်းအတွင်း ရိတ်သိမ်းနိုင်မည်ဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှတင်း ၂၀၀ခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ကာကွယ်ဆယ်ရေး အစီအစဉ်ရေးဆွဲရေးဆွေးနွေးပွဲ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ကယ်ဆယ်ရေး အစီအစဉ်ရေးဆွဲရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌဒေါက်တာသာလှရွှေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Bridget Gradner နှင့် ဒေသဆိုင်ရာ ဘေးဒုက္ခစီမံခန့်ခွဲရေးယူနစ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ပြည်နယ်နှင့်တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက အဖွင့်အမှာ စကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Bridget Gradner ကလည်း အမှာစကားပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Bridget Gradner နှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေတုံ့ပြန်ကယ်ဆယ်ရေး အစီအစဉ် ရေးဆွဲရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၂၆ရက်အထိ ကုန်သည်ကြီးများ ဟိုတယ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ကယ်ဆယ်ရေး အစီအစဉ်ရေးဆွဲရေး ဆွေးနွေးပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* **ကမ္ဘာမှ အလင်းနှစ် ၁၀၀၀ခန့်အကွာတွင် အလင်းရောင်မရှိ၊ လှုပ်ရှားမှုမရှိသော ကြယ်တာရာတစ်ခုကို အမေရိကန်နှင့် ကနေဒါ နက္ခတ္တဗေဒပညာရှင်များက ဩဂုတ် ၂၃ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊ ၎င်းကြယ်တာရာကို အာကာသ အနုကြည့် မှန်ပြောင်းမှ တွေ့ရှိခဲ့ကြခြင်းဖြစ်ကြောင်း အဆိုပါ သုတေသနပညာရှင်များက ပြောကြားသည်။**



* *တရုတ်နိုင်ငံ စင်ကျင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဩဂုတ် ၂၃ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့မှုကြောင့် လမ်းများ၊ နေအိမ်များပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းခဲ့ပြီး အချို့နေရာများ၌ ဆီးနှင်းထု တစ်ပေခန့်ရှိခဲ့ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။*

* **စပိန်နိုင်ငံ ဒူရန်ဂိုမြို့တွင် ဩဂုတ် ၂၄ရက် နံနက်က ကားဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အနီးရှိ ရဲစခန်းအဆောက်အအုံပျက်စီးသွားပြီး ရဲတပ်ဖွဲ့ဝင်အချို့ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ အဆိုပါ ကားဗုံးနှစ်လုံးမှာ တစ်နာရီခန့်ခြား၍ ၎င်းမြို့ နေရာနှစ်နေရာ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။**

* *ကင်ညာနိုင်ငံ အနောက်တောင်ပိုင်း နာချူကျေးရွာတွင် ဩဂုတ် ၂၃ရက်က မျောက်ကောင်ရေ ၃၀၀ကျော်ပါရှိသော မျောက်အုပ်စုက ကျေးရွာသားများ၏ ကောက်ပဲသီးနှံများကို ဝင်ရောက်စားသောက်ဖျက်ဆီးခဲ့ကြကြောင်း၊ ယခင်ရက်များကလည်း ယခုကဲ့သို့လာရောက်ဖျက်ဆီးခဲ့သဖြင့် ဒေသအာဏာပိုင်များအား အကူအညီတောင်းခံထားရကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

* **အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်တွင် ဩဂုတ် ၂၄ ရက်က မြေပြင်တွင် စစ်ဆင်ရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များအနီး အာဖဂန်နစ္စတန်ရှိ အမေရိကန်စစ်လေယာဉ်တစ်စင်းက မှားယွင်းစွာ ဗုံးတစ်လုံးကြဲချခဲ့သဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန်စစ်ဘက်က ပြောကြားသည်။**

* *တရုတ်လေကြောင်းလိုင်းမှ ခရီးသည် ၁၆၃ ဦး တင်ဆောင်ပျံသန်းလာသော အဲဘတ်စ်အေ-၃၃၀ လေယာဉ်သည် ဩဂုတ်၂၂ရက်က ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ ကင်ဆိုင်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ၎င်းလေယာဉ်မှာ လောင်စာဆီပြတ်သွား၍ ဖြစ်ကြောင်း၊ ခရီးသည်များ ဒဏ်ရာရရှိကြောင်း ကင်ဆိုင် လေဆိပ်အာဏာပိုင်များကပြောကြားသည်။*

* **နီပေါနိုင်ငံ အနောက်ပိုင်း ရှုလ်မီခရိုင်တွင် ဩဂုတ် ၂၄ ရက်က မြေပြိုမှု ဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး နေအိမ် ၁၂လုံး ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။**

* *ဗြိတိန်နိုင်ငံ လီဗာပူးမြို့ ကားရပ်စခန်းတစ်ခု၌ သူငယ်ချင်းများနှင့်အတူ ဘောလုံးကစားခဲ့သော ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦးကို ၎င်းနှင့်ကစားဖော်လူငယ်နှစ်ဦးက ဩဂုတ် ၂၃ ရက်က သေနတ်ဖြင့်ပစ်သတ်ခဲ့သဖြင့် သေဆုံးသွားကြောင်း၊ အဆိုပါလူငယ်နှစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးထားကြောင်းသိရသည်။* **(အင်တာနက်)**

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ ယဉ်ကျေးလိမ္မာတရားပွဲများ

ရန်ကုန် ဩဂုတ် ၂၄

မြောက်ဥက္ကလာပမြို့နယ်မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာ စရိယ၊ ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်း ခန်းမဆောင်၌ ဩဂုတ် ၂၀ရက် နံနက် ၉ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ၁နာရီတွင်တစ်ကြိမ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း အထက(၄) ခန်းမဆောင်၌ ဩဂုတ် ၂၄ရက် နံနက်၉နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ၁နာရီတွင် တစ်ကြိမ်ကျင်းပခဲ့ပြီး ရွှေပြည်သာမြို့သစ် အထက(၃) ခန်းမဆောင်၌ ဩဂုတ်၂၈ရက်နံနက် ၉နာရီတွင် ကျောင်းသားကျောင်းသူ လူငယ်များအား လူငယ်ယဉ်ကျေးလိမ္မာတရားများ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဘုရင့်နောင်ကျော်ထင်နော်ရထာ ရာဇဝင်ဝတ္ထုတော်ကြီး ရွှေမြန်မာစာပေမှ စတုတ္ထအကြိမ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာတို့သည် ရှေးယခင်ကပင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ခဲ့ပုံ၊ နိုင်ငံတစ်နိုင်ငံ အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါး၏ အရေးပါပုံတို့ကို ဖော်ညွှန်း မော်ကွန်းတင်ထားသည့် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူး ဦးလှိုင်ဝင်း (စာရေးဆရာ တက္ကသိုလ်မောင်သုလှိုင်)ရေးသားသော **ဘုရင့်နောင်ကျော်ထင်နော်ရထာ ရာဇဝင်ဝတ္ထုတော်ကြီး** စာအုပ်ကို ဂူဖရီးစက္ကူချော၊ ရောင်စုံဓာတ်ပုံများဖြင့်ရွှေမြန်မာစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ရေးဖွဲ့ထား

အဆိုပါစာအုပ်တွင် ဘုရင့်နောင်မင်းတရားကြီး မွေးဖွားခဲ့သည်မှအစ နတ်ရွာစံတော်မူသည်အထိ တိုင်းပြည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင်၊ သာသနာတော်ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းခဲ့မှုသမိုင်း ဖြစ်ရပ်မှန်များအပြင် ငယ်စဉ်ဘဝ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စရပ်များကိုပါ ဝတ္ထုပုံစံဖြင့် ရေးဖွဲ့ထားသည်။

ဝယ်ယူနိုင်

စာကြည့်တိုက်များတွင် ထားရှိသင့်သည့် အဆိုပါစာအုပ်ကို ရွှေမြန်မာစာပေ ဖုန်း-၀၁-၃၈၂၁၈၆၊ ၀၉-၅၀၀-၆၃၇၇၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ဖုန်း-၂၉၄၃၀၆နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ နဂါးစာပေ ဖုန်း-၀၉-၂၀၀၄၂၀၊ ထွန်းဦးစာပေ ဖုန်း-၀၉-၂၀၀၅၈၂၈၊ ၀၂-၇၂၅၁၈တို့၌ တစ်အုပ်လျှင် ကျပ်သုံးထောင်ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

သွေးလွန်တုပ်ကွေး ပညာပေးဟောပြော

ဩဂုတ် ၁၃ရက်က ဗဟန်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် အနောက်ရွှေဂုံတိုင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ကြီးမှူး ကျင်းပသော သွေးလွန်တုပ်ကွေး ရောဂါအကြောင်း ပညာပေး ဟောပြောပွဲကို ရပ်ကွက်ရုံးခန်း၌ကျင်းပရာ မြို့နယ်ဆရာဝန် ဒေါက်တာဒေါ်အေးအေးမြင့် ဟောပြောစဉ်။ (က-ပ)

တရုတ်လေကြောင်းကုမ္ပဏီ ဘိုးရင်းလေယာဉ် ၅၅စင်း ဝယ်ယူမည်

ပေကျင်း ဩဂုတ် ၂၄

တရုတ်နိုင်ငံ၏ ချိုင်းနားဆောက်သင်းအဲလိုင်းသည် တိုးတက်များပြားသော လေကြောင်းခရီးသည်များအတွက် ဘိုးရင်း-၇၃၇ လေယာဉ် ၅၅စင်း ဝယ်ယူမည်ဖြစ်ကြောင်း ဩဂုတ်၂၀ရက်က သတင်းထုတ်ပြန်လိုက်သည်။

ချိုင်းနားဆောက်သင်း အဲလိုင်းအနေဖြင့် ၂၀၁၁ခုနှစ်နှင့် ၂၀၁၃ခုနှစ်အကြားတွင် ၇၃၇-၇၀၀ နှင့် ၇၃၇-၈၀၀ ဘိုးရင်းလေယာဉ်များကို ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း အဆိုပါ အဲလိုင်းအရာရှိတစ်ဦးက ပြောကြားသည်။

ပေးသွင်းရမည်

ထိုသို့ ခရီးသည်တင်လေယာဉ်များကို ဝယ်ယူရာတွင်ငွေကြေးများ လျှော့ချပေးမည်ဖြစ်ရာ လိုအပ်သော ငွေကြေးများကိုအရစ်ကျပေးသွင်းရမည်ဖြစ်သည်။

သုံးစွဲမည်

ယခုကဲ့သို့ ငွေကြေးသုံးစွဲမှုတွင် ဘိုးရင်း ၇၃၇-၇၀၀လေယာဉ်များကို အမေရိကန်ဒေါ်လာ ၆၇ဒသမ ၅သန်း၊ ဘိုးရင်း၇၃၇-၈၀၀လေယာဉ်များကို အမေရိကန်ဒေါ်လာ ၆၇ဒသမ၅သန်း သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စင်ကာပူနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်နိုင်ဆေး ပက်ဖျန်းနေသူတစ်ဦးအား ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့် အိုင်အေအီးအေ တတိယအကြိမ် တွေ့ဆုံဆွေးနွေး

တီဟီရန် ဩဂုတ် ၂၄

အီရန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) တို့၏ တတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို အီရန်နိုင်ငံ တီဟီရန်မြို့၌ ဩဂုတ် ၂၁ရက်က စတင်ဆွေးနွေးခဲ့ကြသည်။

ဦးဆောင်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အိုင်အေအီးအေ ကိုယ်စားလှယ်အဖွဲ့ကို အိုင်အေအီးအေမှ ဒုတိယအကြီးအကဲ အိုလီဟိန္နန်က ဦးဆောင်ပြီး အီရန်ကိုယ်စားလှယ်အဖွဲ့ကို အီရန်အမျိုးသားလုံခြုံရေးကောင်စီမှ ဒုတိယအတွင်းရေးမှူး ဂျာဗတ်ဗာရီးဒီက ဦးဆောင်ကာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

နှစ်ဖက် ကိုယ်စားလှယ်များက နျူကလီးယား အစီအစဉ်နှင့် ပတ်သက်ပြီး တိုးတက်မှုများရရှိရန် မူဘောင်များချမှတ်ရန် ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူကရိန်းနိုင်ငံ အလယ်ပိုင်း ပိုဒီလင်စတီ ကျေးရွာတွင် နေထိုင်သည့် ကမ္ဘာ့အရပ်အမြင့်ဆုံး လူသား ဖြစ်လာမည့် လီယိုနစ် (ယာ)အား ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။

(၎င်း၏အရပ်မှာ ရှစ်ပေနှင့်လေးလက်မရှိကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ ဟူစတန်မြို့သို့ မုန်တိုင်းဝင်ရောက်တိုက်ခတ်သွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် တစ်ဦးသေဆုံး

ဂျကာတာ ဩဂုတ် ၂၄

အင်ဒိုနီးရှားနိုင်ငံ၏ အပန်းဖြေစခန်းတစ်ခုဖြစ်သော ဘာလီကျွန်းတွင် ဩဂုတ်၂၁ရက်က ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယရှိကာ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ အမျိုးသမီးသည် တာဘာနန်ဒေသတွင် ကြက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦး ဖြစ်သည်။

နှစ်ဦးရှိ

သူမသေဆုံးမှုမှာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးရသည်ဟု အတည်ပြုခဲ့ပြီး ဘာလီကျွန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူနှစ်ဦးရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပီရူးငလျင်ဒဏ်ခံစားရသူများအတွက် စင်ကာပူမှဒေါ်လာ ၃၀၀၀၀ လှူဒါန်းမည်

စင်ကာပူ ဩဂုတ် ၂၄

ပီရူးငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားသည့်အနေဖြင့် စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၀၀၀၀ ထည့်ဝင်လှူဒါန်းရန် ဩဂုတ် ၂၂ရက်က ဆုံးဖြတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ လှူဒါန်းငွေများအား စင်ကာပူကြက်ခြေနီအသင်းမှတစ်ဆင့် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ချုပ်သို့ ပေးပို့မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

စင်ကာပူနိုင်ငံအနေဖြင့် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံများရှိ ရေဘေးသင့်ရာဒေသများအတွက်လည်း အမေရိကန်ဒေါ်လာ ၈၀၀၀၀လှူဒါန်းခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထူးဆန်းသောရောဂါဖြင့် ဆော်ဒီအာရေဗျ၌ ကုလားအုတ်များသေဆုံး

ရီးယာ့ဒ် ဩဂုတ် ၂၄

ဆော်ဒီအာရေဗျနိုင်ငံတွင် ယခုသီတင်းပတ်အတွင်း ထူးဆန်းသောရောဂါဖြင့် ရာနှင့်ချီသော ကုလားအုတ်များ သေဆုံးခဲ့ရကြောင်း ဆော်ဒီအာရေဗျနိုင်ငံ မီဒီယာများက ဩဂုတ် ၁၉ရက်၌ ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီးယာ့ဒ်မြို့တောင်ဘက် မိုင်၂၅၀ခန့်အကွာ ဒါဝါဆာတောင်ကြားဒေသတွင် ထူးဆန်းသော ဖျားနာမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီး လေးရက်အတွင်း ကုလားအုတ် ၂၃၂ ကောင် သေဆုံးသွားခဲ့သည်။

ပိုများလာနိုင်

ယခုကဲ့သို့ ကုလားအုတ်များသေဆုံးရမှုအတွက် ပိုင်ရှင်များအားနစ်နာကြေးများပေးမည်ဖြစ်ကြောင်း ဆော်ဒီဘုရင်အဗ္ဗဒူလ်လာက ကတိပြုလိုက်သည်။ ကုလားအုတ်ပိုင်ရှင်များ၏ ပြောကြားချက်အရ သေဆုံးသည့် ကုလားအုတ်အရေအတွက် ပိုများလာနိုင်ကြောင်း သိရသည်။

ကူးစက်ရောဂါ

ဆော်ဒီအာရေဗျနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ထိုသို့ကုလားအုတ်များ သေဆုံးရမှုမှာ ကူးစက်ရောဂါတစ်ရပ်ကြောင့် ဖြစ်ကြောင်း၊ ကာကွယ်တားဆီးမှုများပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားသည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးတို့တွင် ကုလားအုတ်များသည် အရေးပါလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၀၅ဦးရှိသွားပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ တိုက်ပွဲနှင့် မပတ်သက်သည့် အခင်းဖြစ်ပွားမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၂၁ရက်တွင် ထုတ်ပြန်ကြေညာသည်။

စုံစမ်းစစ်ဆေး

ဩဂုတ် ၂၀ရက်က အခင်းဖြစ်ပွားခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြသော်လည်း အသေးစိတ်အချက်အလက်များမပါရှိဟု သိရသည်။ ဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်ဟုလည်း ကြေညာချက်၌ ထည့်သွင်းဖော်ပြထားသည်။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်နှင့်အပေါင်းပါများ အီရတ်ကို ကျူးကျော်ပြီး ယနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၇၀၅ဦးရှိသွားပြီဟု ဆင်ဟွာက ဖော်ပြလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တိပိဋကစာစာမေးပွဲ အောင်မြင်တော်မူသော သံဃာတော်များအား ဂုဏာဝိသိဋ္ဌပူဇော်ပွဲနှင့် စာရေးတံမဲအလှူပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယ ကျောင်းတိုက်ကြီးများမှ (၅၉)ကြိမ်မြောက် တိပိဋကစာမေးပွဲ၌ အောင်မြင်တော်မူခဲ့ကြသော ပိဋကစာအောင် သံဃာတော် ၂၃ပါးနှင့် ဘွဲ့ရ ၄၀၊ ကျမ်းစွဲ ၆၈ပါးတို့အား ဂုဏာဝိသိဋ္ဌပူဇာပွဲတွင် ပင့်သံဃာတော် အပါး ၇၅၀၊ သာမဏေ၊ သီလရှင် ၆၀၀ စသည်တို့ဖြင့် ဘွဲ့ရသံဃာတော်တစ်ပါးလျှင် စီဝိုင်စီသင်္ကန်းတစ်စုံ ငွေကျပ် ၆၀၀၀၊ သာမဏေ၊ သီလရှင်ဝတ်စုံတစ်စုံလျှင် ငွေကျပ် ၄၀၀၀နှုန်းဖြင့် တိ=နိ ရန်ကုန်ဌာန ဖုန်း- ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉ တို့နှင့် တိ=နိ မန္တလေးဌာန ဖုန်း-၀၂-၃၀၁၉၀ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲတော်ကို ၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၅ရက်မှ ၈ရက်အထိ (စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်)အထိ ကျင်းပမည်ဖြစ်၍ စာရေးတံမဲအလှူနှင့် ဆွမ်းတော်ကြီးတင်လောင်းလှူပွဲလည်း ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲတော်ကြီးသို့ လိုက်ပါလိုသူများ တစ်ပတ်ကြိုတင်၍ တိ=နိ ရန်ကုန်ဌာနသို့ စာရင်းပေးသွင်းရမည်ဟု သိရသည်။ (က-ပ)

ကောင်းတန်းတော်တည်ဆောက်ရေးလှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် **FMI CITY** ရွှေနှင်းဆီ(၁)လမ်း အမှတ် **J-44** နေ ဖခင်ကြီး ဦးစိုးဝင်းအား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်စိန်နှင့် သားသမီးမြေးတစ်စုတို့မှ ငွေကျပ် နှစ်သိန်းငါးသောင်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေးနှင့် ဦးသန်းလွင်တို့က လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ရန်ကုန် ဩဂုတ် ၂၄ — ကိုထွေး - စုစည်းတင်ပြသည်

မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ် ချန်ပီယံလုပွဲ ယနေ့ယှဉ်ပြိုင်မည် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းနှင့် ပတ္တမြားငမောက်တွေ့ဆုံ

အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်တို့က ကြီးမှူး၍ ကယ်လ်ဆမ် ကွေကာ (MDG Co., Ltd.)၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၀၇ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၅ရက် **(ယနေ့)** မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ကြည့်ရှုရမည်

ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များတွင် ကီလိုတန်း လေးတန်း၌ ရိုးရာလက်ဝှေ့ကျော် ၃၀တို့၏ ရိုးရာလက်ဝှေ့ပွဲ ၁၅ပွဲကို တစ်ဝကြီးရှုစားကြည့်ရှုကြရမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များရေးဆွဲထားရာ ၅၁ ကီလိုဖလိုင်းဝိတ်တန်း၌ ဖွဲ့သတ္တိ(သူရဲကောင်း)နှင့် ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံ နိုင်ဝင်း (မျိုးဆက်သစ်)၊ ထစ်ချိုး(မြန်မာပြည်သား)နှင့်ခိုင်လင်း(တောင်ကလေး)၊ ရွှေချစ်သွေး (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ပအိုဝ်လေး (မြို့တော်စည်ပင်)၊ မိုးကြိုး (တနင်္သာရီတိုင်း)နှင့် ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံ ရွှေကျည်ဆံ (ဘိလပ်မြေစက်ရုံ) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

၅၇ကီလို ဖယ်သာဝိတ်

၅၇ကီလို ဖယ်သာဝိတ်တန်း၌ မိုက်ခဲ(တောင်ကလေး)နှင့်စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)၊ ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ)နှင့် ၂၀၀၀ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ နိုင်ဝမ်းလေး (မြို့တော်စည်ပင်)၊ သောကြာထွန်း (ရန်ကုန်တိုင်း)နှင့် ဒေါ့ဂျစ်(လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

ကီလို ၆၀ လိုက်ဝိတ်

ကီလို၆၀လိုက်ဝိတ်တန်း၌ မောရှည် (အလင်းရောင်)နှင့် ကြည်မင်းသူ(ခ) ဘိလပ်မြေမောင်မောင်(ငြိမ်းချမ်းရေး)၊ ဟိန်းညီညီ(မြို့တော်စည်ပင်)နှင့် တွေ့မရှောင်(K.L.N)၊ မဲလေး(တနင်္သာရီတိုင်း)နှင့် ရွှေမင်းရာဇာ(မျိုးဆက်သစ်)၊ သတ္တိမောင်(တောင်ကလေး)နှင့် မင်းစကြာ(နှစ်ရှည်ဥယျာဉ်ခြံ)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

၆၃ ဒသမ ၅ကီလိုလိုက်ဝယ်လ်တာဝိတ်

၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာဝိတ်တန်း၌ ဒေါင်းညိုလေး(ဒေါင်းမြန်မာ)နှင့် နဂါးလေး(တနင်္သာရီတိုင်း)၊ ပတ္တမြားငမောက်(မြန်မာပြည်သား)နှင့် ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)၊ စစ်အောင် (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် စောဖွဲ့လေး (K.L.N)၊ အောင်ဇေယျ(ဘိလပ်မြေစက်ရုံ)နှင့် စောဝီလျံသိန်း(အင်းစိန်မြို့နယ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ကြိုတင်လက်မှတ်

၂၀၀၇ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲအတွက် အမျိုးသား အားကစား ပြိုင်ပွဲရုံ(၁) ဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၅၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၄၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင် ဗီဒီယိုထုတ်လုပ်ရေး ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၅လမ်း(အလယ်) အမှတ်၁၇၄ (မြေညီထပ်) ဖုန်း-၃၈၇၆၅၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ မြန်မာအသင်း အကြိုဗိုလ်လုပွဲတက်ရောက် လာအိုနှင့် အုပ်စုနောက်ဆုံးပွဲ ယနေ့ယှဉ်ပြိုင်မည်

မလေးရှားနိုင်ငံ၏ နှစ်(၅၀)ရွှေရတုလွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် မလေးရှားနိုင်ငံ၌ ဩဂုတ်၂၀ရက်မှ ၂၉ရက်အထိ (၃၉)ကြိမ်မြောက်မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို ကျင်းပလျက်ရှိရာ ဩဂုတ် ၂၅ရက် **(ယနေ့)** ညနေပိုင်းတွင် အုပ်စု(က) နောက်ဆုံး ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာ နှစ်ပွဲနိုင် ခြောက်မှတ်

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အုပ်စုပွဲစဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးဖြစ်ရာ လီဆိုသိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲနိုင် ခြောက်မှတ်ရရှိထားရာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းသည် လာအိုအသင်းကို နိုင်နိုင်ရှုံးရှုံး အုပ်စုတက်ပြီးဖြစ်ရာ အရန်ကစားသမားများကို ပွဲအတွေ့အကြုံ ရရှိရေးအတွက် ပွဲထုတ်ကစားဖွယ်ရှိသည်။ အုပ်စု(က) ဒုတိယနေရာအတွက် အိမ်ရှင် မလေးရှားအသင်းနှင့် လီဆိုသိုအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်မှုဖြင့် (၃၂)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲကို ဩဂုတ်၂၆ရက်မှ စက်တင်ဘာ၂ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

စည်းကမ်းသတ်မှတ်

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲ၊ အသက်(၂၀)အောက်လူငယ်ပြိုင်ပွဲနှင့် ရိုးရာပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ကျင်းပခဲ့သည့် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများတွင် ချန်ပီယံဆုရရှိထားသူများ ယခုပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိဟု စည်းကမ်းချက်သတ်မှတ်ထားသည်။

၂၀၀၆ခုနှစ် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲ၌ မကွေးတိုင်းအသင်းကလည်းကောင်း၊ အသက်(၂၀) အောက် လူငယ်ပြိုင်ပွဲနှင့်ရိုးရာပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းက လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံ၌ကျင်းပမည်

၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ စက်တင်ဘာ ၆ ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်း အပါအဝင် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံတို့မှ အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပါဝင်

ပြိုင်ပွဲဝင်ရှစ်သင်းကို လေးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုခွဲထားမှုအရ အုပ်စု(က)တွင် မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ အုပ်စု(ခ) တွင် မြန်မာ၊ ထိုင်း၊ စင်ကာပူနှင့် လာအိုတို့ ပါဝင်ကြသည်။

ဒုတိယပွဲစဉ်

အုပ်စုပွဲစဉ်များ ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ရာ စက်တင်ဘာ ၆ရက်တွင် ပထမပွဲစဉ်အဖြစ် ထိုင်းနှင့်လာအို၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနှင့်စင်ကာပူ၊ စက်တင်ဘာ ၇ရက်တွင် ပထမပွဲစဉ်အဖြစ် မလေးရှားနှင့် အင်ဒိုနီးရှား၊ ဒုတိယပွဲစဉ်အဖြစ် ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ စက်တင်ဘာ ၈ရက်တွင် ပထမပွဲစဉ်အဖြစ် ထိုင်းနှင့်စင်ကာပူ၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနှင့်လာအို၊ စက်တင်ဘာ ၉ရက်တွင် ပထမပွဲစဉ်အဖြစ် အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်၊ ဒုတိယပွဲစဉ်အဖြစ် ဗီယက်နမ်နှင့် မလေးရှား၊ စက်တင်ဘာ ၁၀ ရက်တွင် ပထမပွဲစဉ်အဖြစ် လာအိုနှင့်စင်ကာပူ၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနှင့်ထိုင်း၊ စက်တင်ဘာ ၁၁ရက်တွင် ပထမပွဲစဉ်အဖြစ် ဖိလစ်ပိုင်နှင့်မလေးရှား၊ ဒုတိယပွဲစဉ်အဖြစ် အင်ဒိုနီးရှားနှင့်ဗီယက်နမ် တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်

စက်တင်ဘာ ၁၃ရက်တွင် ပထမ အကြိုဗိုလ်လုပွဲနှင့် ဒုတိယ အကြိုဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ စက်တင်ဘာ ၁၅ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ပထမပွဲစတင်ချိန်မှာ ညနေ ၃နာရီခွဲ၊ ဒုတိယပွဲစတင်ချိန်မှာ ညနေ ၅နာရီခွဲဖြစ်သည်။

နတ်မောက် အရှင်တေဇနိယ တရားပွဲများ

ရန်ကုန် ဩဂုတ် ၂၄

နတ်မောက်အရှင်တေဇနိယ(ဓမ္မာစရိယ ဓမ္မကထိက)သည် ဝါခေါင်လပြည့် (ဩဂုတ် ၂၈ရက်)နံနက် ၉နာရီတွင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ် ရင်ပြင်တော်၌လည်းကောင်း၊ နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ဣန္ဒာသယကျောင်းတိုက်၌ လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သာသနရက္ခိတ ဓမ္မာရုံ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူပါမည်။ ၁၃၆၉ ခုနှစ် ဝါခေါင်လကွယ်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းလပြည့်၊ လကွယ်နေ့တိုင်း နံနက် ၉ နာရီနှင့် မွန်းလွဲ ၂ နာရီတို့တွင် သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ရွှေရည်လမ်း သဗ္ဗသိဒ္ဓိ ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ **(က-ပ)**

ဖြူး ရွှေကျင်ကျောင်းတိုက် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

ဆဋ္ဌမ အကြိမ်မြောက် ဖြူးမြို့ ရွှေကျင် (မြောက်ကျောင်း) ခုနစ်ရက်တရားစခန်းကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၏ ဩဝါဒကို ခံယူ၍ စက်တင်ဘာ ၁၇ရက်မှစ၍ အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဦးကျော်ဇောဝင်း၊ ဦးမိုက်ကယ်တင်ဌေး (မြင့်မြတ်သူ)၊ ဦးသက်စိန်(ထပ်တစ်ရာလန်း)နှင့် သံဃဒါန ဆွမ်းလောင်းအသင်း ဓမ္မာရုံတို့၌ စာရင်းပေးသွင်းနိုင်သည်။

အဆိုပါတရားစခန်းတွင် ပဲခူးမြို့ နာရဏီ သိမ်တော်ကြီးမှ ကမ္မဋ္ဌာနာစရိယ တရားပြဆရာ ဦးသန်းစိုးက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူ၍ စာတွေ့လက်တွေ့ ပို့ချမည်ဖြစ်ပြီး အချိန်ပိုင်းစာတွေ့သင်တန်းတက်ရောက်လိုသော ဓမ္မမိတ်ဆွေများကိုလည်း နေ့စဉ်နံနက်၇နာရီ၌တစ်ကြိမ်၊ ညနေ ၅နာရီ၌တစ်ကြိမ် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် တာမွေမြို့နယ် အမက(၁၂)တွင် အမှတ်(၈၀) လေးလွှာနေ ဦးခင်မောင်ဦး(ခေတ္တစင်ကာပူ)နှင့် ဇနီး ဒေါ်ဖြူနွယ်ဝင်းတို့၏ မွေးနေ့အလှူအဖြစ် ဩဂုတ်၁၈ရက်က အာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းနှင့် ဆရာမများက ကျောင်းသား ကျောင်းသူများအား တိုက်ကျွေးကြစဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟိုကို အကျပ်အတည်းတွေ့စေမယ့် ပို့စ်မောက် လီဗာပူးကို အန်တုမယ့် ဆန်းဒါးလန်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၄)

လီဗာပူးကို အောင်မြင်မှုရရှိအောင် ဘင်နီတက်ဇ် စွမ်းဆောင်ပေးနိုင်ပါ့မလား။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဩဂုတ် ၂၄

သုံးသပ်တင်ပြသူ
မောင်မောင်မြင့်ဆွေ

ပရီမီယာလိဂ်ပွဲစဉ်(၄)ကို ဩဂုတ်၂၅ရက်(ယနေ့)မှာ စတင်ကစားပါတော့မယ်။ ပွဲစဉ်(၄)မှာ ချယ်လ်ဆီးက ပို့စ်မောက်ကို အိမ်ကွင်းမှာ ဧည့်ခံရမှာဖြစ်သလို အာဆင်နယ်ကလည်း မန်စီးတီးကို အီးမရိတ်စ်ကွင်းမှာ ရင်ဆိုင်ကစားမှာဖြစ်လို့ ပွဲကျပ်တွေပါပဲ။ လီဗာပူးကတော့ နိုင်ပွဲပြန်ရဖို့ ကြိုးစားမယ့် ဆန်းဒါးလန်းနဲ့ အဝေးကွင်းမှာတွေ့ရမှာမို့ သိပ်မချောင်တဲ့ ပွဲစဉ်ဖြစ်နေပြန်ပါတယ်။

ချယ်လ်ဆီးနှင့် ပို့စ်မောက်

ပြီးခဲ့တဲ့လေးရာသီမှာတော့ ပို့စ်မောက်တို့ ချယ်လ်ဆီးကို နိုင်ပွဲမရသေးပါဘူး။ အသင်းကြီးတွေကို ကစားရခက်အောင် ဖိအားပေးတတ်တဲ့ ပို့စ်မောက်ဟာ မန်ယူကိုအိမ်ကွင်းမှာ တစ်ဂိုးစီ သရေကစားနိုင်ခဲ့တဲ့ ခြေစွမ်းရှိနေပါတယ်။ ပို့စ်မောက်မှာ ဒီနှစ်ဂိုးသွင်းခြေမြူးနေတဲ့ အမ်ဝါယူဝါရီနဲ့ ဒေးဗစ်တို့ရှိနေသလို အူတာကာကလည်း အခက်အခဲကြားထဲက ဂိုးသွင်းနိုင်သူတစ်ဦးပါပဲ။ ပို့စ်မောက်ရဲ့အားနည်းချက်က ခံစစ်အား လျော့နည်းနေမှုပါ။ ပို့စ်မောက်ခံစစ်ကို အလယ်တန်းက ဝိုင်းဖြည့်နိုင်ရင်တော့ ချယ်လ်ဆီးကို သရေလောက်အထိ မှန်းနိုင်ပါတယ်။

ချယ်လ်ဆီးရဲ့ခြေစွမ်းကတော့ ဒီနှစ်မှာပုံမှန်အနေအထားရှိနေပါတယ်။ ချယ်လ်ဆီးမှာ အသစ်ခေါ်ယူထားတဲ့ မာလူဒါနဲ့ ပီဇာရိုတို့က အသုံးတည့်ပြီး ခြေစွမ်းထက်နေတာကြောင့် ဒရော့ဘာနဲ့ မာလူဒါ တိုက်စစ်အတွဲကို ပို့စ်မောက်ခံစစ်မှူးတွေ ထိန်းဖို့ မလွယ်ပါဘူး။ အိမ်ကွင်း ၆၄ပွဲ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းဖို့အတွက် မော်ရင်ဟိုဒီပွဲကို အနိုင်ကစားနိုင်အောင် ဗျူဟာခင်းကျင်းပါလိမ့်မယ်။ ဒါပေမယ့် ပို့စ်မောက်ခြေတွေ့ရင်တော့ အိမ်ကွင်း ဖြစ်ပေမယ့် သရေပွဲဖြစ်အောင် ချယ်လ်ဆီးတို့ မနည်းကြိုးစားရမှာပါ။ ဒီပွဲဟာ ချယ်လ်ဆီးတို့ နိုင်ချေရှိပေမယ့် ပို့စ်မောက်ခြေစွမ်းကို လျှော့တွက်လို့မရတဲ့ ပွဲပါပဲ။

ဆန်းဒါးလန်းနှင့် လီဗာပူး

ခြေမငြိမ်သေးတဲ့ ဆန်းဒါးလန်းကို လီဗာပူးတို့ အဝေးကွင်းမှာကစားရပေမယ့် အသာစီးရနိုင်ပါတယ်။ လီဗာပူးဟာ ဒီနှစ်ခြေစွမ်း တိုးတက်လာပါတယ်။ ခံစစ်၊ တိုက်စစ်မျှအောင် ကစားနိုင်ခဲ့တာမို့ ရလဒ်တွေလည်း ကောင်းနေပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူးကို လက်ရှိလူတွေနဲ့ ပရီမီယာလိဂ်ဖလားရယူဖို့ မှန်းနေတာကြောင့် ပွဲတိုင်းကို အလေးထားနေပြီဖြစ်ပါတယ်။ လီဗာပူးတို့ စုစည်းမှုအားကောင်းကောင်းနဲ့ ဆန်းဒါးလန်းအပေါ် အနိုင်ယူဖို့ ကြိုးစားပါလိမ့်မယ်။

ပွဲစဉ်(၃)မှာ ဝီဂန်ကို သုံးဂိုးပြတ် ရှုံးခဲ့ရတဲ့ ဆန်းဒါးလန်းအသင်းဟာ အခုပွဲလီဗာပူးကိုလည်း အနိုင်ယူဖို့ မလွယ်ပါဘူး။ ဝီဂန်ရဲ့သုံးဂိုးအသွင်းခံရမှုဟာ ဆန်းဒါးလန်းရဲ့ ခံစစ်ကြောင်း သိပ်သည်းမှုမရှိတာ၊ အမှားအယွင်းတွေ လုပ်တတ်တာတွေကို ဖော်ပြနေပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းရဲ့ တိုက်စစ်မှူး ချိုပရာဟာ ဂိုးသွင်းကောင်းသူတစ်ဦးပါ။ မူဖာရီနဲ့ အန်သိုနီတို့ကလည်း တစ်ဖက်အသင်းနောက်တန်းကို မွှေနှောက်နိုင်ကြသူတွေဆိုတော့ လီဗာပူးတို့ ဖိဖိစီးစီးကစားမှရပါလိမ့်မယ်။ ဆန်းဒါးလန်းနည်းပြ ရွိုင်းကိန်းဟာ ဘောလုံးသမားဘဝနဲ့ လီဗာပူးကိုအကြိမ်ကြိမ် ရင်ဆိုင်ကစားခဲ့ဖူးတာဆိုတော့ လီဗာပူး ဘောလုံးသမားတွေရဲ့ အထာနဲ့ ဘင်နီတက်ဇ်ရဲ့ဗျူဟာကို သိနေတာမို့ ဒီပွဲဟာလည်း အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။

ချယ်လ်ဆီးအတွက် မာလူဒါ ခြေစွမ်းပြမှာလား။
(ဓာတ်ပုံ–အင်တာနက်)

အာဆင်နယ်နှင့် မန်စီးတီး

ရှုံးပွဲမရှိ စံချိန်တင်ချင်နေတဲ့ မန်စီးတီးကို အာဆင်နယ်နဲ့ ပွဲမှာ နည်းပြအဲရစ်ဆင် ဘယ်လိုကိုင်တွယ် သွားမယ်ဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ပြီးခဲ့တဲ့ လေးရာသီအတွင်း အာဆင်နယ်အိမ်ကွင်းမှာ မန်စီးတီးတို့တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။

အာဆင်နယ်ရဲ့တိုက်စစ်ဟာ တကယ်တမ်းကျတော့ ဗန်ပါစီတစ်ဦးပဲ မာမာတင်းတင်းရှိပါတယ်။ ဖလာမီနီနဲ့ ဟဲဘ်တို့ရှိပေမယ့် ဒီ့ထက်ခြေပိုထက်မြက်ဖို့ လိုပါတယ်။ အသင်းလိုက် ကစားအားနဲ့ နားလည်မှုရှိနေပေမယ့် တစ်ဖက်အသင်းဂိုးဧရိယာထဲမှာလုပ်တတ်၊ ကိုင်တတ်ဖို့ လိုပါတယ်။ တိုက်စစ်မှာ အဒီဘာယောရှိပေမယ့် အဆုံးသတ်မသေချာတာမို့ ဒီပွဲမှာအနိုင်ရဖို့ဆိုတာ အာစင်ဝင်းဂါးရဲ့ နည်းဗျူဟာပေါ်မှာပဲ မူတည်နေပြီဖြစ်ပါတယ်။

ဒီနှစ် ပရီမီယာလိဂ်မှာ နိုင်ပွဲတွေ ဆက်တိုက်ယူပြီး ပြိုင်ဘက်တွေကို ခြိမ်းခြောက်နေတဲ့ အဲရစ်ဆင်ရဲ့ မန်စီးတီးဟာ အာဆင်နယ်ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။ မန်စီးတီးရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဂျွန်ဆင်၊ ပီထရော့ဗ်၊ ဘီနာချီနဲ့ ဘိုဂျီနော့ဗ်တို့ကဂိုးရအောင်သွင်းယူနိုင်ကြသူတွေပါ။ မန်စီးတီးဟာ သုံးပွဲကစားပြီးချိန်မှာ လေးဂိုးသွင်းယူထားနိုင်သလို ပေးဂိုးလုံးဝမရှိတာကြောင့် ဂိုးသမားကြီးပီတာရှမိုက်ကယ်ရဲ့သား ဂိုးသမားရှမိုက်ကယ်ရဲ့ လက်စွမ်းကလည်း မသေးလှပါဘူး။ ဒါကြောင့် မန်စီးတီးရဲ့ ဂိုးပေါက်ထဲကို အာဆင်နယ်တိုက်စစ်မှူးတွေ ဘယ်လိုဂိုးသွင်းမယ်ဆိုတာ စောင့်ကြည့်ရမယ့်ပွဲပါပဲ။

အက်စတွန်ဗီလာနှင့် ဖူလ်ဟမ်

မနှစ်က တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပေမယ့် ဒီနှစ်အနိုင်အရှုံးရလဒ်ပေါ်အောင် ကစားကြမယ့်ပွဲပါ။ ဖူလ်ဟမ်မှာ ဒေးဗစ်ဟေးလီနဲ့ မာတင်တို့က ဂိုးသွင်းမြန်ကြသူတွေပါပဲ။ ပြီးခဲ့တဲ့ အာဆင်နယ်နဲ့ပွဲမှာ ပွဲအစတစ်မိနစ်အတွင်းမှာ အမြန်ဆုံးဂိုးသွင်းယူထားသူဖြစ်တဲ့ ဖူလ်ဟမ်တိုက်စစ်မှူးဒေးဗစ်ဟေးလီဟာ ဒီပွဲမှာခြေစွမ်းပြနိုင်ရင်တော့ ဗီလာကို ဖူလ်ဟမ်တို့ အနိုင်ရသွားနိုင်ပါတယ်။ ဗီလာမှာ အဆုံးသတ်ဂိုးသွင်းနိုင်တဲ့ ဘာရီ၊ မယ်ဘတ်နဲ့ ဘောမာတို့အုပ်စု ခြေပေါ်ခဲ့ရင် သရေပွဲလဲ ဖြစ်သွားနိုင်ပါတယ်။ ဒီနှစ်သင်းဟာ ဘယ်သူမှ အသာစီး မရနိုင်ပါဘူး။

ဘော်လ်တန်နှင့် ရက်ဒင်း

ဒီနှစ်အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်းမပြနိုင်တဲ့ဘော်လ်တန်ဟာ မနှစ်ကရှုံးကြွေးကို လက်ရှိအနေအထားနဲ့ပြန်ဆပ်နိုင်ဖို့ မလွယ်ပါဘူး။ဘော်လ်တန်တိုက်စစ်မှူးတွေဖြစ်တဲ့ ဟယ်ဂူဆန်၊ ဒီအော့ဖ်နဲ့ အနယ်ကာတို့ရှိပေမယ့် ရလဒ်မကောင်းတဲ့အတွက် မန်ယူကိုသရေကစားထားတဲ့ရက်ဒင်းကိုဘော်လ်တန်တို့အိမ်ကွင်းမှာ တစ်မှတ်ရအောင် မနည်းကြိုးစားကစားရမှာပါ။ ရက်ဒင်းရဲ့ စတီဖင်၊ဟန့်နဲ့ ဘီကေးတို့ရဲ့ ထိုးဖောက်မှုကို ဘော်လ်တန်ခံစစ်မှူးတွေတောင့်ခံဖို့ သိပ်မလွယ်ပါဘူး။ အကြိုက်က ရက်ဒင်းပါ။

အဲဗာတန်နှင့် ဘလက်ဘန်း

စပါးကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းပြန်ရရင်တော့ ဘလက်ဘန်းတို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရမယ့်ပွဲပါပဲ။ အဲဗာတန်မှာ အနီချီမီ၊ အိုစမန်နဲ့ လက်ကော့တ်တို့ ခြေစွမ်းပြ ဂိုးတွေသွင်းယူနေတာကြောင့် ဘလက်ဘန်းတို့ အမြင့်ဆုံး သရေပွဲလောက်ပဲ မှန်းနိုင်မှာပါ။ ဒါပေမယ့် ဘလက်ဘန်းရဲ့ ဆန်တာခရုဇ်နဲ့ ဒါဘိုင်ရှိုင်းတို့ကလည်း အကျပ်အတည်းကြားကဂိုးသွင်းနိုင်ကြသူတွေမို့ကြည့်ကောင်းမယ့်ပွဲပါပဲ။ အဲဗာတန်တို့ အလေးသာသွားနိုင်တဲ့ ပွဲပါ။

ဝက်စ်ဟမ်းနှင့် ဝီဂန်

ဇာမိုရာနဲ့ ဘယ်လာမီတို့ ဂိုးပေါက်ပျောက်နေတာမို့ ဝက်စ်ဟမ်းတို့ အိမ်ကွင်းဆိုပေမယ့် ခက်ခက်ခဲခဲကစားရမယ့်ပွဲပါပဲ။ ဝီဂန်တို့ကလည်း ခြေမငြိမ်သေးတာမို့ စီဘီရာစကီရဲ့ သွင်းဂိုးတွေပေါ်မှာပဲ အားကိုးနေရဆဲဆိုတော့ ခြေတူနေပါတယ်။ ဝီဂန်က ခြေမာပေမယ့် အဝေးကွင်းရလဒ် မကောင်းတတ်တာဆိုတော့ ဝက်စ်ဟမ်းကို အလေးသာလိုက်ချင်ပါတယ်။

ဒါဘီနှင့် ဘာမင်ဂမ်

တန်းတက်နှစ်သင်းဆုံတဲ့ပွဲမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဘာမင်ဂမ်ဟာ ချယ်လ်ဆီးကို အဖွင့်ဂိုးစပြီး သွင်းယူနိုင်သလို နှစ်ဂိုးအထိ သွင်းယူနိုင်တာမို့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဖော်ဆယ်နဲ့ကာပိုတို့ဟာ ဂိုးသွင်းခေသူတွေမဟုတ်ပါဘူး။ ဒါပေမယ့် ပို့စ်မောက်ကို နှစ်ဂိုးစီသရေကစားထားတဲ့ ဒါဘီခြေကလည်း လျှော့တွက်လို့မရတာကြောင့် ဒီပွဲဟာ သရေပွဲဖြစ်သွားနိုင်ပါတယ်။

(ကိုးကား–အင်တာနက်)

ဘာစီလိုနာ နောက်တန်းလူ ဘယ်လက်တီအား ချယ်လ်ဆီးက ခေါ်ယူရန်သဘောတူ

လန်ဒန် ဩဂုတ် ၂၄

ဘာစီလိုနာ ညာနောက်တန်း ကစားသမား ဂျူလီယန်နိဘယ်လက်တီအား ချယ်လ်ဆီးအသင်းက ခေါ်ယူရန် သဘောတူလိုက်ပြီ ဖြစ်သည်။

စုစည်းတင်ပြသူ
မြင့်မောင်စိုး

အသက် ၃၁နှစ်ရှိ အဆိုပါ ကစားသမားသည် ဘရာဇီး လက်ရွေးစင် ဘောလုံးသမားဖြစ်သည်။ ၎င်းအား ချယ်လ်ဆီးက နှစ်နှစ်စာချုပ်မည်ဖြစ်ကြောင်း သိရသည်။

ဘယ်လက်တီသည် ဘာစီလိုနာသို့ ၂၀၀၄ခုနှစ်က ဗီလာရီးရဲအသင်းမှ ပြောင်းလာသူဖြစ်သည်။ ပြီးခဲ့သော ရာသီက ၎င်းသည် ဘာစီလိုနာအသင်းအတွက် ၁၃ပွဲသာ ပါဝင်ကစားပေးနိုင်ခဲ့သည်။

အနိုင်ဂိုးသွင်းပေးခဲ့

ဘရာဇီးကစားသမား ဘယ်လက်တီသည် ၂၀၀၆ခုနှစ်တွင် ဘာစီလိုနာအသင်းက အာဆင်နယ်အသင်းကို ချန်ပီယံလိဂ် ဗိုလ်လုပွဲ၌ အနိုင်ရခဲ့ရာတွင် အနိုင်ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

ကြိုးစား

ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့သည် ပြောင်းရွှေ့ရေးကိစ္စအတွက် သဘောတူညီထားပြီဖြစ်သည်။ ချယ်လ်ဆီးက ဆီဗီလာမှ အဲလ်ဗတ်ကို စာချုပ်ရန် ကြိုးစားပြီးနောက် ဘယ်လက်တီကို လှည့်ခေါ်ရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

* ဘရာဇီး ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင်သည် မေဂျာလိဂ်အသင်း အက်ဖ်စီဒါလက်စ်သို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

* **၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြုသင့်၊ မသင့် လေ့လာရန်အတွက် ဖီဖာကိုယ်စားလှယ်အဖွဲ့ ဘရာဇီးနိုင်ငံသို့ ရောက်ရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။** (အင်တာနက်)

ဒီအော့ဖ်နှင့် အနယ်ကာ ထွက်ခွာမည့်အရေး ဟန့်တားနိုင်စွမ်းမရှိကြောင်း နည်းပြပြောကြား

လန်ဒန် ဩဂုတ် ၂၄

ဒီအော့ဖ်နှင့်အနယ်ကာတို့ ဘော်လ်တန်အသင်းမှ မထွက်ခွာအောင် ဟန့်တားနိုင်စွမ်းမရှိကြောင်း နည်းပြ ဆမ်မီလီက ဝန်ခံပြောကြားလိုက်သည်။

လိုက်ပါထွက်လို

အသက် ၂၆နှစ်ရှိ ဒီအော့ဖ်က ၎င်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားလို၍ အသင်းမှထွက်လိုကြောင်း၊အသက် ၂၈နှစ်ရှိ အနယ်ကာကလည်း ၎င်းနှင့်အတူ လိုက်ပါထွက်လိုကြောင်း ပြောကြားသည်။

အဆက်အသွယ်ပြုလုပ်

ယင်းကစားသမားနှစ်ဦးသည် အာဆင်နယ်အသင်းနှင့် လိုင်ယွန်အသင်းများသို့ ပြောင်းရွှေ့ကစားရန် အဆက်အသွယ်ပြုလုပ်ထားကြသည်။

ထင်ကြေးပေး

ဘော်လ်တန်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်သုံးပွဲ ကစားခဲ့ရာတွင် သုံးပွဲစလုံးရှုံးနိမ့်ပြီး အမှတ်ပေးဇယား

ဘော်လ်တန်အသင်းမှ ဒီအော့ဖ်နှင့် အနယ်ကာ။
(ဓာတ်ပုံ–အင်တာနက်)

အောက်ဆုံး၌ ရှိနေသည်။ ယင်း ရလဒ်အခြေအနေကြောင့် အနယ်ကာနှင့် ဒီအော့ဖ်တို့သည် ဩဂုတ်၃၁ရက် ကစားသမားပြောင်းရွှေ့မှု ရာသီမကုန်ဆုံးမီပြောင်းရွှေ့လိမ့်မည်ဟု ထင်ကြေးပေးမှုမှာ တိုးလာသည်။

ဒီအော့ဖ်သည် တော့တင်ဟမ်၊ ဆဲလ်တစ်၊ လိုင်ယွန်နှင့် အခြားအမည်မသိ ကလပ်နှစ်သင်းတို့က စာချုပ်ရန် စိတ်ဝင်စားနေသည်။ အနယ်ကာကိုလည်း မန်ယူကခေါ်ယူရန် ဆက်သွယ်ထားသည်။

ပြင်သစ်ကစားသမား အနယ်ကာသည် ၎င်း၏ကစားသမားဘဝတစ်လျှောက် ကလပ်ခုနစ်ခုသို့ ပြောင်းရွှေ့ကစားခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

Since 1996 KMD Computer Centre ဆိပ်ကမ်းသာ
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+
:: LCCI Computerised Accounting :: Special Effect :: Accpac Plus::Basic Software Engineering
:: AutoCAD :: Programming (C, C++, Java, VB.net, ASP, MS Access, Excel)
၅၅-၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၁၂၈၆/ ၃၉၁၂၈၇

တောင်ဥက္ကလာပမြို့နယ် ၁၅ရပ်ကွက် စလေသိဂ်ီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာနနာယက ဆရာတော် ဦးစန္ဒိမာ၊ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် နယ်စပ်ဒေသမှ ပညာသင်ကြားနေသော ပအိုဝ်း၊ ရှမ်း၊ ပဒေါင်၊ ကယား တိုင်းရင်းသား သာမဏေလေးများကို ဩဂုတ် ၂၃ရက်က တစ်နေ့တာ ဆွမ်းနှင့် သင်္ကန်း၊ လွယ်အိတ် စာရေးကိရိယာများကို မွေးနေ့ အလှူရှင် နတ်မောက် ရိပ်သာလမ်းနေ မ၀တ်ရည်တင်ရှိန်က ဆက်ကပ်လှူဒါန်းစဉ်။ (၁၉၂)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း လက်အောက်ရှိ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံတွင် တည်ဆောက်လျက်ရှိသော ဝါးပျော့ဖတ်ညိုစက္ကူစက်ရုံစီမံကိန်း(ရေနီ)တွင် အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်း(၄)မျိုးကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
(က)	Chipping	Sud	4800
(ခ)	သဲ	Sud	4800
(ဂ)	Crushing Stoie (6"x9")	Sud	680
(ဃ)	Crushing Stoie (2"x4")	Sud	1000

၂။ တင်ဒါပိတ်ရက်မှာ ၃၁-၈-၂၀၀၇ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၁-၅၁၉၆၆၃နှင့် ၀၆၇-၄၀၈၃၄၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

၁၉၇၀-၁၀၇၇ခုနှစ် ဆေးတက္ကသိုလ်(၁)

ကျောင်းသား၊ကျောင်းသူများ၏ ဆရာကန်တော့ပွဲနှင့်တွေ့ဆုံပွဲ

သူငယ်ချင်းတို့ရေ၊ ဒို့တွေရဲ့ ဘွဲ့ရနှစ် (၃၀)ပြည့်အထိမ်းအမှတ်အဖြစ် စတုတ္ထအကြိမ် ဆရာကန်တော့ပွဲနှင့် လှူဒါန်းပွဲများကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် လမ်းမတော် ဆေးတက္ကသိုလ်(၁) ခန်းမမှာပြုလုပ်ပြီး အဲဒီနေ့ညနေ ၆း၃၀နာရီ Traders' Hotel-Poolside Gardenမှာ ညစာစားရင်း ပျော်ပျော်ပါးပါး တွေ့ဆုံနိုင်ရန်အတွက် အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ စေတနာအလျောက် အလှူငွေ၊ Recent Passport Photoတစ်ပုံ၊ မိသားစုဓာတ်ပုံနှင့် Biodata ကိုယ်ရေးအကျဉ်းများကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့စေလိုပါတယ်။ လက်လှမ်းမီရာ သူငယ်ချင်းများကိုလည်း ဆက်သွယ်အကြောင်းကြားပေးကြပါဦးနော်။

(၁) အေးအေးမြင့် Professor and Head-Pathology Department- IM (1), 09-5003195, 292315
(၂) Naw Rebecca Htin- ဖွဲကပင်ဆေးခန်း၊ ၅၄၇၊ အောက်ကြည့်မြင်တိုင်လမ်း၊ 09-8023677, 642246
(၃) သိန်းစိုး-Sakura Hospital, Sanchaung, 291004
(၄) ခင်မိမိ ကန်တော်ကလေးဆေးကုခန်း၊ မင်္ဂလာတောင်ညွန့် 651538
(၅) Beauty Kyi-09-5251133, 651165 ext 2724

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၄၀၂၃ Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်စံပယ်ထွန်း ၁၂/လမတ(နိုင်)၀၁၅၃၅၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ သဃ်န်းကျွန်းမြို့နယ်။

၂၄-၈-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

ရုံ	ဇာတ်ကား	သရုပ်ဆောင်
သမ္မတ ဖုန်း-[illegible]	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင် ၊ ကျော်ရဲအောင် ၊ ဒုံးထက် ၊ မိုးဒီ ၊ ဇော်ဝမ်း နန္ဒာလှိုင် ၊ မေသဥ္စာဦး ၊ မေကချာ
သွင် ဖုန်း-[illegible]	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင် ၊ ကျော်ရဲအောင် ၊ ဒုံးထက် ၊ မိုးဒီ ၊ ဇော်ဝမ်း နန္ဒာလှိုင် ၊ မေသဥ္စာဦး ၊ မေကချာ
မင်္ဂလာ ဖုန်း-[illegible]	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင် ၊ ကျော်ရဲအောင် ၊ ဒုံးထက် ၊ မိုးဒီ ၊ ဇော်ဝမ်း နန္ဒာလှိုင် ၊ မေသဥ္စာဦး ၊ မေကချာ
ရွှေဆောင် ဖုန်း-[illegible]	A BATTLE OF WITS	ANDY LAU, AHN SUNG-KI, BINGBING FAN TIN CHIU HUNG, SI WON CHOI
နေပြည်တော် ဖုန်း-[illegible]	DIE HARD - 4	BRUCE WILLIS, TIMOTHY OLIPHANT JUSTIN LONG, MAGGIE Q
ဝင်းလိုက်(မန္တလေး) ဖုန်း-[illegible]	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင် ၊ ကျော်ရဲအောင် ၊ ဒုံးထက် ၊ မိုးဒီ ၊ ဇော်ဝမ်း နန္ဒာလှိုင် ၊ မေသဥ္စာဦး ၊ မေကချာ
မြို့မ(မန္တလေး) ဖုန်း-[illegible]	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင် ၊ ကျော်ရဲအောင် ၊ ဒုံးထက် ၊ မိုးဒီ ၊ ဇော်ဝမ်း နန္ဒာလှိုင် ၊ မေသဥ္စာဦး ၊ မေကချာ

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

iPSTAR

iPSTAR သုံးစွဲသူများအတွက် အဆင်ပြေ စိတ်ချမ်းသာရာကို ရရှိစေမည့် iPS Professional Repair Centre ကိုဖွင့်လှစ်ပါပြီ။
iPS Technical Solutions
iPSTAR & Communication Services
အမှတ်-၁၆ (၆ လွှာ)၊ပန်းပင်ကြီးလမ်း၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ (ကြည့်မြင်တိုင်ကမ်းနားဈေးအနီး)
Tel : 01-517070, Mobile : 09-5154991
Email : thantzm@gmail.com, thantzawmoe@mail4u.com.mm
SHIN SATELLITE ipstar ipstar

မိုးထစ်ချုန်း

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

● စကားလုံး ၆၅,၀၀၀
● အဓိပ္ပာယ်ဖွင့်ဆိုချက် ၇၅,၀၀၀
(သာလွန် အဘိဓာန် အကြီး၊ အလတ်၊ အသေး) ထွက်ပြီ
THALUN Bookstore Yangon
[illegible]

သံဃာ့တက္ကသိုလ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နေ့ဆွမ်း၊အရုဏ်ဆွမ်းများဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၄

သံဃာ့တက္ကသိုလ် ရေကူးဘူတာရုံလမ်း(ကမ္ဘာအေး)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာဖြစ်သင်တန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၅ရက်ကကျင်းပရာ ဦးညွန့်ဌေး (သီရိသုဓမ္မမဏိဇောတဓရ)ဇနီးဒေါ်နီလာရွှေ(သီဟသုဓမ္မသိင်္ဂီ)၊ သား မောင်မြတ်စိုးအောင်(ကြာငါးခိုင်)သင်္ကန်းပရိက္ခရာ သင်္ကန်းတိုက်မှသာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးထင်မျိုးထံ အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

အဆိုပါ သံဃာ့တက္ကသိုလ်ဘုန်းတော်ကြီးသင်ပညာရေး ဆရာဖြစ်သင်တန်းတွင် တက်ရောက်လျက်ရှိသည့် သံဃာတော်များအတွက် (နေ့ဆွမ်း၊ အရုဏ်ဆွမ်း)တို့ကို ရပ်နီးရပ်ဝေးမှ အလှူရှင်များ လှူဒါန်းလိုပါက သံဃာ့တက္ကသိုလ်ကျောင်း သာသနာ့နုဂ္ဂဟအဖွဲ့ ဖုန်း-၆၆၃၄၆၉၊ သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးထင်မျိုး ဖုန်း-၆၉၉၆၀၆၊ ဦးမောင်မောင်ညွန့် ဖုန်း-၅၆၂၅၁၁နှင့် ဦးကိုကိုမြင့် ဖုန်း-၆၉၀၃၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တန်ဆောင်းဆောက်လုပ်ရန်လှူဒါန်း

တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်း(မြို့သစ်ကျောင်းစာသင်တိုက်)၌ ဘုံသုံးဆင့်တန်ဆောင်းကြီးဆောက်လုပ်ရန်အတွက် ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း) မျက်စိအထူးကုဆရာဝန်ကြီးအား ရည်စူး၍ ဇနီး ဒေါ်ခင်လေးရီဝင်း မိသားစုက ကျပ်သိန်းနှစ်ဆယ်လှူဒါန်းရာ တိုက်အုပ်ဆရာတော် ရွှေမှောက်၌ ဂေါပကအဖွဲ့က လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ပိုလန်တောင်တက်သမားနှစ်ဦးသေဆုံး

ဝါဆော ဩဂုတ် ၂၄

ဩစတြီးယားနိုင်ငံတောင်ပိုင်း ဂရော့စ်လော့နာဒေသတွင် ဩဂုတ် ၂၄ရက် နံနက်ပိုင်းက ပိုလန်တောင်တက်သမားများ တောင်တက်စဉ် မတော်တဆမှုကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆေးရုံသို့ပို့ဆောင်ခဲ့

သေဆုံးသူများနှင့် ဒဏ်ရာရသူများကို ရဟတ်ယာဉ်ဖြင့် ပြန်လည်သယ်ဆောင်ခဲ့ပြီး ဒဏ်ရာရသူနှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

ပါကစ္စတန်၌ကားဗုံးခွဲတိုက်ခိုက်၊ လေးဦးသေဆုံး

မီရန်ရှက်ဖ် ဩဂုတ် ၂၄

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နယ်စပ်အနီးတွင် ဩဂုတ်၂၄ရက် နံနက်ပိုင်းက ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး အများအပြားဒဏ်ရာရခဲ့ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

ဗုံးခွဲသမားများက ဖောက်ခွဲရေးပစ္စည်းအပြည့်တင်ဆောင်ထားသည့်ကားဖြင့် စစ်ယာဉ်တန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး စစ်ဘက်ယာဉ်တစ်စီးမှာ ပျက်စီးသွားကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

ရန်ကုန်ကလေးဆေးရုံကြီးရှိ ကလေးငယ်များအတွက် အာဟာရဓာတ်အထောက်အကူပြုနိုင်ရေးအတွက် MDG Co., Ltd. မှ ကျပ် ၁၄သိန်းတန်ဖိုးရှိ Calsome Kid Cereal အထုပ် ၆၀၀ကို မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းထံ ဩဂုတ်၂၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာစကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ညနေအချိန်ပိုင်း နိုင်ငံခြားဘာသာ စကားပြောလေးလသင်တန်း(အင်္ဂလိပ်၊ဂျာမန်၊တရုတ်ဘာသာ)များကို ၂၀၀၇ခုနှစ် စက်တင်ဘာလအတွင်း ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘွဲ့ရပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၆၅၀၇၁၂၊ ၆၅၀၇၁၆နှင့် ၆၅၁၆၀၉တို့သို့ ဆက်သွယ်မေးမြန်း လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် လှိုင်မြို့နယ်နေ ကိုညဏ်လင်း-မခင်နှင်းဝါမြင့်တို့က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပတ္တမြားလမ်း ကတ္တရာခင်း

မြဝတီ ဩဂုတ် ၅

မြဝတီမြို့ အမှတ်(၂) ရပ်ကွက် ပတ္တမြားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၁၀ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်း ပုသိမ်ကြီးဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းနေ နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးဇောတိက(ဝါးခယ်မ)၏ မယ်တော် ဒေါ်ပု အသက်(၉၀)ပြည့် မွေးနေ့ ပညာပါရမီအတွက် အလှူငွေကျပ်၁၁၁၀၀၀ကို အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

မိတ္ထီလာမြို့ အမှတ်(၁၃၂) အမကကျောင်းဆောင်သစ်အုတ်မြစ်ချ

မိတ္ထီလာ ဩဂုတ် ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ အမှတ်(၁၃၂) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် မြေနေရာ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဩဂုတ်၄ရက် နံနက်၈နာရီက အဆိုပါမြေနေရာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးဖုန်းမြင့်ထူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့် အလုပ်အမှုဆောင်များ၊ အမက ၁၃၂ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။

ရတနာအုတ်မြစ်စီမင်္ဂလာပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဖုန်းမြင့်ထူးက ပတ္တမြားအုတ်မြစ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက နီလာအုတ်မြစ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က ငွေအုတ်မြစ်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက ရွှေအုတ်မြစ်တို့ကို အသီးသီး အုတ်မြစ်ချ မြှုပ်နှံပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လယ်ယာချေးငွေများ လယ်သမားများအားထုတ်ချေး

ရေဦး ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းတာဝန်ခံ အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ မိန့်မှာချက်ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) မှ ထုတ်ချေးသော မိုးစပါး လယ်ယာချေးငွေ ကျပ်သိန်း ၁၃၀ ကို တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုး၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးထွန်းကိုကို၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်(ယာယီ) အသင်း အတွင်းရေးမှူး ဦးမြင့်နိုင်နှင့် မြို့နယ် အမှုဆောင်များသည် ဩဂုတ် ၁၈ရက်က မုတ်စီ၊ ငြတ္တုံ၊ အောင်သာ၊ ထန်းတော၊ ရွှေပြည်သာ၊ ရေဦးကုန်း၊ ခြုံရွာ၊ ကြာပန်းညို၊ လေးရွာ၊ ရွာမိသာ၊ မြို့မ(၁)(၂)၊ ကျေးရွာအုပ်စု (၁၂)အုပ်စုမှ လယ်သမား ၄၃၀ တို့ကို တစ်ဦးချင်း ထုတ်ချေး ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တူးဖော်ထားသော ပျဉ်းပင်ကျေးရွာ လက်နှိပ်တုံကင်ရေတွင်းကို အဖွဲ့ဝင်ထမ်းများဖြင့် ပြုပြင်ဆောင်ရွက်ရာသို့ ဇူလိုင် ၃၀ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးထွန်းလှအောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

တနိုင်းမြို့နယ်လုံးကျွတ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

တနိုင်း ဩဂုတ် ၁၂

ကချင်ပြည်နယ် တနိုင်းမြို့နယ်လုံးကျွတ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၉ရက် နံနက် ၉နာရီက တနိုင်းမြို့နယ် မုန်ဒိန်ရပ်ကွက် သာယာ(၁)ကွက်သစ်ရှိ သာယာရွှေပြည်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သီလခံယူ

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တနိုင်းမြို့ ဇေယျာသီရိစာသင်တိုက်ကျောင်း ဆရာတော်ဦးတေဇနိယထံမှ ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

လှူဒါန်း

ထို့နောက် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့်ဇနီးဒေါ်ထားအိလှိုင်မိသားစု၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်များက စုပေါင်း၍ ဝါဆိုသင်္ကန်း ၁၂၃စုံနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ဆက်လက်၍ ဇေယျာသီရိစာသင်တိုက်ကျောင်း ဆရာတော် ဦးတေဇနိယက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဇူလိုင် ၂၈ ရက်က မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြခန်း ခင်းကျင်းပြသ

မိုးနဲ ဩဂုတ် ၂

မိုးနဲမြို့နယ် ဆည်မြောင်းရွာ အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သာက ကျေးရွာစာကြည့်တိုက် ထူထောင်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ အဆောက်အအုံ ဆောက်လုပ်ရခြင်း၊ စာအုပ်စာတမ်းများ စုဆောင်းခြင်း၊ ပြည်သူများဖတ်ရှုနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အားမာန်စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိန်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

လေ့လာ

ထို့နောက် ဆည်မြောင်းကျေးရွာ အားမာန်စာကြည့်တိုက်အတွက် ထူထောင်ပေးသည့် ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း အုပ်ရေ ၅၀ကို မြို့နယ်ဦးစီးမှူး ဦးအောင်သာက ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိန်ထံ လွှဲပြောင်းပေးအပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် နယ်လှည့်စာကြည့်တိုက်ကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထန်းတပင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးအတွက် ဩဂုတ် ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာမြင့်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမ အမှတ် ၄၈၊ သုံးလွှာနေ ဦးမြအေး-ဒေါ်သန်းကြည်၊ သမီးဒေါက်တာမြနှင်းအေး(Ph.D)၊ ဦးဘခင်ဖြူ-ဒေါ်ဝင်းမာအေး၊ မြေး မဝင်းလဲ့ဖြူ၊ မောင်မောင်သန်းထိုက် မိသားစုက ကြေးပြားငါးချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မုံရွာ၌ဖွင့်

မုံရွာ ဩဂုတ် ၂၃

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး မြို့နယ်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်၈နာရီက မုံရွာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဂီတရသခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မုံရွာမြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မုံရွာမြို့နယ်၏ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးမြင့်လွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖျော်ဖြေ

ထို့နောက် အနုပညာရှင်များက ကောင်းချီးသဒ္ဒါသီချင်းကို မေသကြိန် အကဖြင့် ဧည့်ခံဖျော်ဖြေပေးပြီး မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မကွေးတိုင်း)၏ ဒုတိယအကြိမ် တိုင်း၊ခရိုင်၊ မြို့နယ်အသင်း အလုပ်အမှုဆောင်များ ရွေးချယ်ပွဲကို ဇွန်၁၂ရက်က တိုင်းရင်းဆေးပညာ ဦးစီးဌာန မကွေးတိုင်းရင်းဆေးရုံ၌ကျင်းပရာ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းက အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)



ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ်၄ရက်က စစ်တွေတပ်နယ် ဇန္ဒုလရိပ်သာ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးပို့လှူဒါန်းသောဝတ်စုံ အစုံ၃၀ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုယ်စား စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂီက ပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကျော့ကျော့စံက လက်ခံယူစဉ်။ (အမျိုးသမီးရေးရာ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ဝါခေါင်လဆန်း ၁၃ ရက်
၂၆-၈-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ သိပ္ပံအကြောင်းသိကောင်းစရာ (လေကြောင်းအာကာသတိုးတက်မှုအကြောင်း-သိပ္ပံမှူးတင်)
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ(သန္တိသုခ အဆင့်မြင့် ခရီးသွားလုပ်ငန်း၏ ခရီးစဉ်များ)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ညိုသူချော ဖြူသူလှစေမှာ)
၁၁း၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဆယ်မိုးဆယ်နွေ မျှော်လေလေဝေး (မြို့တော်ဝင်းဝင်းမြတ်)
(၂) မောင့်လိုလူစား(မျိုးမြင့်လေး)
(၃) သစ္စာပန်းတစ်ခက် (ချိုပြုံး)
၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ(ရိုးသားခြင်း၏တန်ဖိုး)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ(အလှဆုံးဆရာမ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာနှင့်မိုး-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆း၀၀ နေ့စဉ်သုံး အီဒီယမ်
၁၆း၂၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ
၁၇း၀၀ ပြုံးပဒေသာ
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် (စာရေးဆရာဦးလတ်၏ရွှေပြည်စိုး-သာရဝေါစိုးကြည်)
၁၇း၄၀ ညွှန်းဖွဲ့သီရေးသူ့အလှည့်တေး(ကိုလေးလွင်)
၁၈း၂၅ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း)အဆင့် အမျိုးသားပြိုင်ပွဲဝင်များ လေ့လာနားဆင်ရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)
၁၉း၁၅ မြန်မာမှုမြန်မာ့သဘင် (ကွက်စိပ်) (တောင်တွင်းကြီး ဒဂုံဆရာကျား၏ ဇာတိသရ ကျေးမင်းဇာတ်)
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အသက်ရှုတိုင်းသတိရတယ် (မြသောင်းထွတ်)
(၂) အချည်မှားသောကြိုး(ဒလခင်ထွေးရီ)
(၃) အနန်းစက်ပါ ဘုန်းလက်ယာဝယ် (ကိုကျော်ညွန့်)

မော်လမြိုင်ကျွန်းမြို့ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးစစ်ဆေးကုသ၊ ပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဩဂုတ် ၁၉

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေး စစ်ဆေးကုသပွဲ၊ ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲနှင့် ကျောင်းတွင်း အာဟာရကျွေးမွေးပွဲကို ဩဂုတ် ၁၄ရက် နံနက် ၁၀နာရီက မော်လမြိုင်ကျွန်းမြို့ အောင်သုခ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသူ ကျောင်းသားများအား ကျောင်းကျန်းမာရေး စစ်ဆေးကုသပေးပြီး ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲတွင် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းထိန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာအေးအေးမော်တို့က ကျန်းမာရေးဆိုင်ရာသိကောင်းစရာများနှင့် သွားရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ကုသနည်းများကို ပညာပေးဟောပြောကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဝင်းထိန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ အေးအေးမော်တို့က ဩဂုတ် ၁၅ရက်တွင် မြို့မ၁၄လမ်း မူလတန်းကျောင်း၊ ဩဂုတ် ၁၆ရက်တွင် ပစ္စိမာရုံဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ဩဂုတ်၁၇ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းသူ ကျောင်းသားများအား ကျောင်းကျန်းမာရေး စစ်ဆေးကုသပေးပြီး ပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ မြိတ်၌ကျင်းပ မိခင်/ကလေးစောင့်ရှောက်ရေး အသင်းဝင်အဆိုပြုလွှာပေးအပ်

မြိတ် ဩဂုတ် ၈

မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် မွန်းလွဲ၁နာရီက မြိတ်မြို့ ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားပြီး ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ အမျိုးသမီးများတွင် ဖြစ်ပွားသော ရင်သားကင်ဆာနှင့် အမျိုးသမီးမျိုးပွားအင်္ဂါကင်ဆာအကြောင်းသိကောင်းစရာများကို သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်တင်တင်ညီက လည်းကောင်း၊ အဆုတ်ရောဂါအကြောင်း သိကောင်းစရာများကို တနင်္သာရီတိုင်း အဆုတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးသန်းဆွေက လည်းကောင်း၊ စိတ်ကျန်းမာရေး အကြောင်း သိကောင်းစရာများကို စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီး ဒေါက်တာ ခင်အေးကြိုင်က လည်းကောင်း ဟောပြောကြသည်။

ဟောပြော

ထို့နောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သန်းဌေးက ကျန်းမာရေး အသိပညာပေး ဟောပြောကြသော အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပြုလွှာ

ဆက်လက်၍ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌအား အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ ၅၀၀နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ၂၀၀ကို မြိတ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးက ပေးအပ်ကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

ဩဂုတ် ၄ရက်က မိုင်းပျင်းမြို့ ဆရာစံလမ်းဘေး ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းကို အဖွဲ့ဝင်ဝန်ထမ်းများ၊ ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌဦးကျော်ဆွေနှင့် အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးတို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ရောဂါကာကွယ် နှိမ်နင်းရေးအတွက် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေ ဦးဆောင်သော တိုင်းကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများ ဩဂုတ် ၁၄ရက်က အဖွဲ့ပိုင်မြို့မဈေး၊ အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းနှင့် အထက်တန်းကျောင်း တစ်ကျောင်း တို့တွင် ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ပြည်သူလူထု အသိပညာမြှင့်တင်မှု သင်တန်းဖွင့်

ကွတ်ခိုင် ဩဂုတ် ၁၂

ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ပြည်သူလူထုအသိပညာမြှင့်တင်မှု ဖွံ့ဖြိုးရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာသိန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားရာ**(ဓါတ်ပုံ)** သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ဖွင့်လှစ်ခဲ့

အဆိုပါသင်တန်းကို ဩဂုတ်၁ရက်မှ ၃ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ဒီဘာချိန်မှာ..ဒီတစ်ကြိမ်ပဲ ..ဒီလိုအခွင့်အရေးမျိုးရမှာပါ!..

DAEWOO Showroom ဖွင့်ပွဲအထိမ်းအမှတ်

လျှပ်စစ်ပစ္စည်းများအထူးဈေးရောင်းပွဲ

(၂၅-၈-၂၀၀၇)ရက်မှ (၃၁-၈-၂၀၀၇)ရက်အထိ (၇)ရက်တည်းသာ

TV, DVD, ...

OK Myanmar Co.,Ltd ၏အရောင်းခန်းမများနှင့်အရောင်းဆိုင်များတွင်

ဝယ်ယူအားပေးနိုင်ပါသည်။

Daewoo Showroom(Ygn) : အမှတ်(၁၇၅)၊ ဗိုလ်အောင်ကျော်လမ်း ဖုန်း-၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၂၄၆၉၄၇

HQ Electronics (I) : အမှတ်(၁၂၄)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဖုန်း-၃၇၆၉၉၇၊ ၃၈၄၇၇၈

Daewoo Showroom (Mdy) : အမှတ်(၁၃၅)၊ ၈၄လမ်း၊ ၃၀ X ၃၁ကြား၊ မန္တလေးမြို့ ဖုန်း-၀၂-၃၁၅၈၂

HQ Electronics (II): အမှတ်(၂၀၁၊ ၂၀၃)ပန်းဆိုးတန်း၊ ဖုန်း-၂၄၁၀၇၇၊ ၃၈၇၆၄၄

Sales & Service Centre (Naypyidaw): နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၇-၂၂၉၅၃

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံးတော်၌

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၁၆၁နှင့် ဆက်သွယ်သည်။

၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ် ၄၉၂နှင့် ဆက်သွယ်သည်။

ဒေါ်ကျင်လှိုင် **နှင့်** ဦးအေးသန်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

အခန်းအမှတ် ၂၇၊ တိုက် ၃၄၊ အောင်သုခလမ်း၊ တပင်ရွှေထီးအိမ်ရာ၊ လှိုင်သာယာနေ ဦးအေးသန်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၁၆၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ကျင်လှိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ် တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၀ရက် (၁၃၆၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၇ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးသိန်း (တ/၁၇၂၄)
ဒုတိယခရိုင်တရားသူကြီး(၁)
အရှေ့ပိုင်းခရိုင်တရားရုံး
ရန်ကုန်မြို့။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၊ ကာလဒါနအလှူပါဝင်လှူဒါန်းနိုင်

လူမျိုးဘာသာဆင်းရဲချမ်းသာမရွေး နာမကျန်းသူတို့အား အကောင်းဆုံးသော ဆုလာဘ်ဖြစ်သည့် ကျန်းမာခြင်းကို ပေးအပ်နိုင်ရန် ဖွင့်လှစ်အပ်သော ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း၏ မျက်စိအထူးကု အလင်းဒါန (မျက်မှန်အပါအဝင်) ၊ ဆေးကုသဆောင် သုံးထပ်တိုးမြှင့်ခြင်းနှင့်ခွဲစိတ်ခန်း၊ခွဲစိတ်မှန်ခန်းအလှူတို့အတွက် ဆေးနှင့်အလှူတော်ငွေများ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာန - ရွှေပြည်ဟိန်းကျောင်း၊ ကျိုက္ကဆံစုပါဝမ်း၊ တာမွေလေးသံလမ်းအနီး။ (ဖုန်း-၅၄၁၄၉၃)

စစ်ကိုင်း-မင်းကွန်းကားလမ်း မြေဖို့ခြင်းလမ်းအလှူပါဝင်လှူဒါန်းနိုင်

စစ်ကိုင်းတောင်နှင့်မင်းကွန်း ဆက်သွယ်သည့် ကားလမ်းမ၏ရေကျော်အပိုင်းဖြစ်သော စစ်ကိုင်းတောင်အရှေ့ခြမ်း မြစ်ကမ်းလမ်း မြေဖို့ခြင်း လမ်းအလှူတော်အတွက် မြေတစ်ကျင်း (၄၀၀ဝိ/-) နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြပါရန် နိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ - ရွှေပြည်ဟိန်းကျောင်း၊ ကျိုက္ကဆံစုပါဝမ်း၊ တာမွေလေးသံလမ်းအနီး။ (ဖုန်း-၅၄၁၄၉၃)

ရွှေကျောင်းစစ်ကိုင်းတောင်၊ဖုန်း-(၀၇၂)၂၁၅၁၀။ ဗိုးသကြားမိသားစု၊၃၂-လမ်း၊၈၅-လမ်း၊မလွန်ရပ်၊မန္တလေး။ဖုန်း-၃၈၄၉၀

ဆက်သွယ်ပါရန်

၁။ ၄ခ/၉၈၂၀	၈။ ၅ခ/၁၀၂၈
၂။ ၄ခ/၉၁၀၅	၉။ ၅ခ/၉၅၉၈
၃။ ၄ခ/၉၁၀၆	၁၀။ ၅ခ/၉၅၉၀
၄။ ၅ခ/၁၀၁၁	၁၁။ ၅ခ/၇၅၅၉
၅။ ၅ခ/၂၂၇၅	၁၂။ ၅ခ/၆၆၆၉
၆။ ၅ခ/၈၂၆၉	၁၃။ ၆ခ/၁၂၈၆
၇။ ၅ခ/၈၅၀၁	၁၄။ ၆ခ/၁၂၈၇

အထက်ဖော်ပြပါ ကားနံပါတ်ပိုင်ရှင်များ လိုင်စင်သက်တမ်းတိုးရန်အတွက် ဖော်ပြထားသော ဖုန်းနံပါတ်အား အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

ဖုန်း - ၀၉-၅၀၀၅၀၁၄
၀၉-၉၉၂၆၂၈၉

အယူခံမှုကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ ၁၄နှင့် ပုဒ်မ ၁၁၅)

တရားရုံးချုပ်(မန္တလေး) ၂၀၀၇ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၁၇၁

ဦးအောင်မြတ်ကျော် **နှင့်** ဒေါ်အေးကြိုင် ပါ-၂

အယူခံတရားလို **အယူခံတရားပြိုင်များ**

အယူခံတရားပြိုင်အမှတ်(၂) ဒေါ်ခင်သန်းစော(ခ)ဒေါ်ဘေဘီ၊ အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်း(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)သိစေရမည်။

၂၀၀၇ခုနှစ် ဧပြီ ၂၄ရက်စွဲပါ မကွေးတိုင်းတရားရုံး၏ တရားမကြီးမှုအမှတ်- ၄၈/၂၀၀၆၏ ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေဦးကျော်ဝင်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူတစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကိုဆုံးဖြတ်လိမ့်မည်။

၂၀၀၇ခုနှစ် ဩဂုတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်သည်။ **အမိန့်အရ**

သန်းသန်းလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ တရားမဌာနခွဲ-၃၊ ဌာနစု-၄၊ တရားရုံးချုပ်၊ မန္တလေးမြို့။

အင်းလျားကန်ပေါင်ရှိ ဆိုင်ခန်းငှားရမ်းလုပ်ကိုင်ရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဆိုင်ခန်းများကြီးကြပ်ရေးကော်မတီပိုင် အင်းလျားကန်ပေါင်ရှိ စားသောက်ဆိုင်ခန်းအား ဖွင့်လှစ်ရောင်းချရေးအတွက် ချိပ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ဆိုင်ခန်းများကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်(ဌာနမှူး၊ သင်တန်းရေးရာ) ရှာသာကြီးတွင် ၂၄-၈-၂၀၀၇ ရက်မှ ၃၀-၉-၂၀၀၇ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်းနံပါတ်- ၅၈၅၀၇၀၊ ၅၈၅၀၇၁၊ ၅၈၅၀၇၄ (ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရှာသာကြီး)

လှမြင့်
အတွင်းရေးမှူး
ဆိုင်ခန်းများကြီးကြပ်ရေးကော်မတီ။

မိုးကုတ်-သပိတ်ကျင်း လမ်းမကြီးဘေးတွင် သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့စိုက်ပျိုးထားသောစိုက်ခင်းကို ဩဂုတ် ၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော့ချိုမျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တီးတိန်မြို့ ရေပေးရေး ပင်မပိုက်လိုင်းပြုပြင်

တီးတိန် ဩဂုတ် ၈

ချင်းပြည်နယ် တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး ပင်မပိုက်လိုင်း ပြုပြင်ဆောင်ရွက်သည့် လုပ်ငန်းကို ဇူလိုင် ၂၀ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးနန်ဒိုးဆူမ်းမန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဌေးတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပေါင်းတည်မြို့နယ် သဖန်းကုန်း ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးခင်ဇော်နှင့် အဖွဲ့ ဩဂုတ် ၉ ရက်က ဘိုးသာအောင်ကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် အခြေခံပညာမူလတန်းလွန် ဘိုးသာအောင်ကုန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းတို့ လုပ်ဆောင်မှုကို ကျောင်းအုပ်ဆရာကြီး ဦးတင်အောင်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် လူမှုရေးအသင်း အဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (၀၆၄)

ရခိုင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ဇူလိုင် ၂၁ရက်က ရသေ့တောင်မြို့ မေယု ခန်းမရှေ့ မြေယာရှုခင်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငွေလှူဒါန်း

ဇူလိုင် ၂၉ရက်က သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတည်ဆောက်ဆဲ နှစ်ထပ်ဓမ္မဗိမာန်တော် အဋ္ဌမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်၂၀တို့က ငွေကျပ်၃၁၆၀၀၀၀ ကိုလှူဒါန်းရာ ကျောင်းတိုက်သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးစန်းတင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်စဉ်။ (က-ပ)

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ နေပြည်တော် မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧဧမျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့ နိုင်ငံတော်တည်ငြိမ်ရေးနှင့်လုံခြုံရေး ထိခိုက်ပျက်ပြားစေရန်လှုံ့ဆော်ကြိုးပမ်း အမျိုးသားညီလာခံပျက်ပြားစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် ကြံစည်လုပ်ဆောင်

မင်းကိုနိုင်အပါအဝင် ဧဧ မျိုးဆက်ကျောင်းသားဆိုသူများအား သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိ စစ်ဆေးတွေ့ရှိချက်များအပေါ် ဥပဒေကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၄

၁၉၈၈ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အရေးအခင်းနှင့် မင်းမဲ့စရိုက်များကြောင့် နိုင်ငံတစ်ဝန်းလုံး၌ အခြေအနေအရပ်ရပ် ယိုယွင်းပျက်ပြားကာ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားများ ရပ်ဆိုင်းတော့မည့်အခြေအနေ၊ ပြည်သူတို့၏ဘဝ အေးချမ်းလုံခြုံမှု ပျက်ပြားရတော့မည့်အခြေအနေနှင့် ပြည်ထောင်စု ပြိုကွဲတော့မည့်အခြေအနေများကြောင့် တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ၁၈-၉-၁၉၈၈ရက်တွင် မလွှဲမရှောင်သာ ရယူခဲ့ရသည်။ ထိုသို့ တာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊ ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန်နှင့် နေ့စဉ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးစသည့် ရည်မှန်းချက်များကိုချမှတ်၍ လက်ငင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အောင်မြင်ပြီးမြောက်တော့မည်

အဆိုပါ **လက်ငင်းတာဝန်ကြီးများကို ကြိုးပမ်းဆောင်ရွက်ရင်း ပြည်သူအများ လိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ မကြာမီ အောင်မြင်စွာ ပြီးမြောက်တော့မည်ဖြစ်သည်။ အမျိုးသားညီလာခံ အောင်မြင်ပြီးမြောက်ချိန်တွင် အမျိုးသားညီလာခံမှ ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲကာ ပြည်သူ့ဆန္ဒခံယူအတည်ပြုပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းအောင်** အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

NLD ပါတီဝင်အချို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသည့်လုပ်ရပ်များတွင်ပါဝင်နေ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိတို့ပါတီဝင်များကိုကြပ်မတ်ထိန်းသိမ်းရန်တာဝန်ရှိကြောင်း ပြည်သူများအတွင်းဝေဖန်ပြောဆိုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ်ထားရှိပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်ခိုင်မာစွာ ပေါ်ပေါက်လာစေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုများ ပျက်ပြားစေရန်အတွက် ဧဧ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့က အကြမ်းဖက်မှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ၎င်းလုပ်ဆောင်မှုများတွင် NLD ပါတီဝင် အချို့သည်လည်း ပါဝင်ပတ်သက်လျက်ရှိကြောင်း တွေ့ရှိရသည်။

သက်ဆိုင်ရာသို့အပ်နှံ

လတ်တလောဖြစ်စဉ်များအရ NLD ပါတီဝင်များ၊ NLD လူငယ်အဖွဲ့ဝင်များသည် ဧဧ မျိုးဆက်ကျောင်းသားဆိုသူများနှင့် ပူးပေါင်းပြီး ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန် လုပ်ဆောင်မှုများတွင် ပါဝင်လုပ်ဆောင်လာခဲ့ကြောင်း တွေ့ရှိရသည်။ ဩဂုတ် ၂၂ရက်တွင် NLD ထုတ်ပယ်ခံ၊ NLD ပါတီဝင်နှင့် ဧဧ မျိုးဆက်ကျောင်းသားဆိုသူအချို့တို့သည် ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ်တွင် စီတန်းလမ်းလျှောက်ဆန္ဒပြခဲ့သဖြင့် နံနက် ၁၁နာရီ မိနစ်၂၀ခန့်တွင် ပါရမီမီးပွိုင့်အရောက်၌ ဆူပူလှုပ်ရှားမှုကို မလိုလားသော ပြည်သူလူထုက ဆူပူလှုပ်ရှားမှုကိုဖန်တီးလှုံ့ဆော်နေသည့် လူရမ်းကားများအနက် NLD ပါတီဝင်များဖြစ်သည့် နော်အုံးလှ၊ စန်းစန်းမြင့်၊ ထက်ထက်ဦးဝေ၊ ရင်ရင်မြတ်၊ ဒေါ်ရင်ရွှေ၊ စန်းစန်းလွင်၊ သန်းဇော်မြင့်၊ ခင်မောင်ရီတို့ကို တားဆီးထိန်းသိမ်းခေါ်ဆောင်ပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့သည်။

ထို့အတူ ဩဂုတ် ၂၃ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်အနီး၌ နံနက် ၁၀နာရီခွဲခန့်တွင် ဆူပူဆန္ဒပြရန် လှုံ့ဆော်သူများဖြစ်ကြသည့် NLD ပါတီဝင် ထွန်းမြင့်၊ ဆလိုင်းရဲပီဂျင်၊ တင်ဦးမောင်၊ ဖြိုးမင်းကျော်၊ စိုင်းမင်းသိန်း၊ မင်းအောင်၊ ဦးတင်မြင့်၊ အောင်ကျော်ဦး၊ အောင်မင်းနိုင်(ခ)မီးသွေး၊ တင်ဇော်ဦး၊ မျိုးခင်၊ ဇော်ဇော်အောင်နှင့် ကိုကြည်ဖြူတို့အားလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် ကျောက်လမ်းဆုံအနီး၌ နံနက် ၉နာရီခန့်တွင် NLD ပါတီဝင်များဖြစ်ကြသော ဦးစိုးကြွယ်၊ ဒေါ်ခင်အေးနှင့် ဒေါ်မြင့်သိန်းတို့အားလည်းကောင်း ဆူပူမှုကို မလိုလားသည့် ပြည်သူများက တားဆီးထိန်းသိမ်းပြီး တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

25-8 (20) 1 8/25/07, 3:28 AM